ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၄)ရက် ၊ တနင်္လာနေ့ ၊ (8-12-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၂၂၂)

**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး၊
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

❖ နှလုံးသားနဲ့ ခံစားလို့ ဦးနှောက်နဲ့ ရွေးချယ်ဖို့ မဲပေးကြပါစို့။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuang-ketkeow ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr.Sihasak Phuangketkeow ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump နှင့်

စာမျက်နှာ ၁၆ ကော်လံ ၁



# ရတနာပုံ

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၈ ရက်

အယ်ဒီတာ့အာဘော်

## ပြင်ဦးလွင်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်း

ပြင်ဦးလွင်မြို့သည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်အတွင်းတည်ရှိပြီး တောင်လေ့ကားမြို့၊ ပန်းမြို့တော်၊ ချယ်ရီမြို့တော်စသည်ဖြင့် တင်စားခေါ်ဝေါ်ကြသည်။ ပန်းမြို့တော်ဖြစ်သည်နှင့်အညီ ပန်းပွဲတော်များကို အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် ကျင်းပပြုလုပ်လျက်ရှိပြီး ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်အများအပြား လာရောက်လည်ပတ်သည့် မြို့လည်းဖြစ်သည်။ ထို့ကြောင့် မိမိဒေသသို့ လာရောက်လည်ပတ်သူများကို အကောင်းဆုံးဝန်ဆောင်မှုများပေးနိုင်ရန် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်ကြရပေမည်။

ပြင်ဦးလွင်မြို့သည် အမျိုးသားကန်တော်ကြီးဥယျာဉ်အပြင် သဘာဝအလှအပရှုခင်းများကိုကြည့်ရှုရင်း အေးချမ်းပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်မည့် နေရာများစွာရှိသည်။ မဟာအံ့ထူးကံသာဆုတောင်းပြည့်မြတ်စွာဘုရား၊ ပိတ်ချင်းမြောင် မဟာနန္ဒမူလိုဏ်ဂူ၊ တရုတ်ဘုံကျောင်း၊ ပွဲကောက်ရေတံခွန်၊ သုံးထပ်ရေတံခွန်၊ အမျိုးသားကန်တော်ကြီးဥယျာဉ် စသည့်လည်ပတ်အပန်းဖြေစရာနေရာများရှိသကဲ့သို့ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း(ဇီးပင်ကြီး)၊ ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်)စသည့် နိုင်ငံတော်အတွက် အားကိုးအားထားရသော နိုင်ငံ့ဝန်ထမ်းများကို မွေးထုတ်ပေးသောဒေသလည်းဖြစ်ပေသည်။

**"မကြာမီကာလအတွင်း ပြင်ဦးလွင်မြို့တွင် သုမင်္ဂလာအဆင့်မြင့်ဈေးသစ်ကြီးကို အဆင့်မီစွာဖွင့်လှစ်ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ အလားတူ ပြင်ဦးလွင်မြို့ မြို့မဈေးကြီးကိုလည်း မြို့ပြအဆင့်မီစွာဖြင့် အဆင်မြင့်တင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ပြင်ဦးလွင်ဘူတာကြီးအနီး၌လည်း မီးရထားဟိုတယ်နှင့် အဆင့်မြင့်ဈေးသစ်ကြီးတစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်သို့လာရောက်လည်ပတ်သည့်ခရီးသွားများ အဆင်ပြေစွာတည်းခိုနိုင်ရေး တည်းခိုသည့်နေရာများကိုပါ ထည့်သွင်းတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း"** စသည်ဖြင့် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဒီဇင်ဘာ ၆ ရက်တွင် ပြင်ဦးလွင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဗိုလ်လောင်းများကို တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်။

ပြင်ဦးလွင်မြို့သည် ရေခံမြေခံကောင်းများကို ပိုင်ဆိုင်ထားသည့်ဒေသတစ်ခုဖြစ်ပြီး ပန်းမျိုးစွာစိုက်ပျိုးဖြစ်ထွန်းသည့်ဒေသဖြစ်သည်။ ဒေသမှထွက်ရှိသည့်ပန်းမျိုးများကို ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာ့ဈေးကွက်သို့ ဖြန့်ချိနိုင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့်နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းဖြစ်စေမည်ဖြစ်သည်။ သစ်သီးဝလံများနှင့်ပတ်သက်၍လည်း စိုက်ပျိုးဖြစ်ထွန်းသည့်ဒေသတစ်ခုဖြစ်သည့်အပြင် ပြင်ဦးလွင်ဒေသမှထွက်ရှိသည့် အာရေးဗီးကားကော်ဖီသည် ပြည်ပဈေးကွက်ဝင်ကော်ဖီအမျိုးအစားတစ်ခုဖြစ်သည့်အတွက် အာရေးဗီးကားကော်ဖီကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြင်ဦးလွင်ဒေသသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေ၊ မြေ၊ ရာသီဥတု ကိုက်ညီသော ဒေသအရင်းအမြစ်ကောင်းများရှိပြီး နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်သည့် ဒေသလည်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ပြင်ဦးလွင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံကစီမံဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဒေသတွင်နေထိုင်ကြသည့် ဒေသခံများ၊ ဌာနဆိုင်ရာဝန်ထမ်းများကလည်း မိမိတို့တတ်စွမ်းသည့်ဘက်မှ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။


၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန် ရက် ၂၀ သာ လိုတော့သည်။

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။

ရန်ကုန် — အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ☎ ၀၁-၈၆၆၆၆၁၉

မန္တလေး — ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ☎ ၀၂-၂၈၃၀၄၂၃


## ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၆၅၁၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဘုတလင် ဒီဇင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၆၅၁၂ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧက ၁၈၁၂၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၆၅၁၂ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဘုတလင်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာဧက ၁၈၁၂၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ဒီနေ့ထိ ၆၅၁၂ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်များပါတယ်။ နေကြာစိုက်ပျိုးရာမှာလဲ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့အတွက် ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက် ပေးနေပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

(၂၀၆)

## ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း နှံကားစပါးတင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကန်ကြီးထောင့် ဒီဇင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်နိုဝင်ဘာလအတွင်း နှံကားစပါးတင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကန်ကြီးထောင့်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း နှံကားစပါးတင်းရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း နှံကားစပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊အဆိုပါနှံကားစပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၃၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်

''ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း ကန်ကြီးထောင့် မြို့နယ်ကနေ နှံကားစပါးတင်းရေ တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံးတင်ပို့ရောင်းချနေပါတယ်။ နှံကားစပါးအမျိုးအစားက အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ နှံကားစပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ တင်ပို့ရောင်းချတဲ့အခါမှာလဲ အခက်အခဲမရှိပါဘူး''ဟု ကန်ကြီးထောင့်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်သီရိက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း နှံကားစပါးတင်းရေအများအပြားတင်ပို့ရောင်းချနိုင်ခဲ့သည့်အတွက် တောင်သူများ၊ ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် မြို့ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှု စစ်ဆေး

မလှိုင် ဒီဇင်ဘာ ၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မြို့ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ဒီဇင်ဘာ ၆ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၂၁ ဒသမ ၃ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့ကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၁ ဒသမ ၃ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၃၃လမ်း၊ ၇၁x၇၂ လမ်းကြားနေ ကိုကျော်စွာလင်း-ဒေါက်တာဆုဝေအောင် သမီး မရွှေရတီလင်းမိသားစုက ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်နှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီး



ထီးချိုင့် ဒီဇင်ဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၈၀၈၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ထီးချိုင့်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်း ဧက ၈၀၈၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့မှာတော့ ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆီထွက်သီးနှံ နှမ်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဆီထွက်သီးနှံနှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ကဝမြို့နယ် ပြည်တော်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ကဝ ဒီဇင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်တော်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်တော်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၇၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**

# ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ဆန်အကြမ်း ၂၄ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ကျုံပျော် ဒီဇင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ဆန်အကြမ်း ၂၄ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဆန်အကြမ်း ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ဆန်အကြမ်း ၂၄ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကျုံပျော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဆန်အကြမ်းအပါအဝင် လယ်ယာထွက်ကုန်တွေကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့နိုဝင်ဘာလအတွင်းမှာ ဆန်အကြမ်း ၂၄ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ရန်ကုန်ဆန်ဈေးကွက်က ဒီဘက်ကထွက်ရှိတဲ့ ဆန်အကြမ်းတွေ အဝယ်လိုက်နေပါတယ်။ ကျုံပျော်မြို့နယ်ကနေထွက်ရှိတဲ့ ဆန်အကြမ်းတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကိုပါ တင်ပို့ရောင်းချနေပါတယ်"ဟု ကျုံပျော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဆန်အကြမ်း ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၇၀၀၀၀ မှ ၇၆၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်အကြမ်းများ အရောင်းအဝယ်ကောင်းလာခြင်းကြောင့် ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ စပါးစိုက်တောင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း ကျုံပျော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# နဝရတ်ကိုးသွယ် အောင်မြင်မယ်

ချစ်နိုင်(စိတ်ပညာ)

**"သင့်အတွက် ကြီးမားတဲ့အခွင့်အလမ်းဆိုတာ ခုလောလောဆယ် သင်ရောက်နေတဲ့ နေရာမှာပဲ ရှိပါလိမ့်မယ်"**

**နပိုလီယန်ဟီးလ်(၁၈၈၈-၁၉၅၅)**

**နိဒါန်း**

စာရေးသူဟာ စာရေးလာတာ နှစ်ကာလအတော်လေးကြာခဲ့ပါပြီ။ သူများပြောတဲ့စကား၊ သူများရေးတဲ့စာတို့ကို ဆန့်ကျင်ဖီလာရေးခဲ့တာ၊ ပြောခဲ့တာမျိုး လုံးဝမရှိခဲ့ဖူးသလောက်ပါပဲ။ မှားနေရင်လဲ မှားပါစေလေ၊ သူတစ်နေ့အမှန်တွေ့သွားမှာပါ။ သူ့ကိုထောက်ပြဝေဖန်နေစရာ မိမိအလုပ်မဟုတ်၊ မိမိတာဝန်မဟုတ်။ ဒီလိုသာပဲ တစ်သက်လုံး ယောနိသောမနသိကာရ နှလုံးသွင်းခဲ့စမြဲပါခင်ဗျာ။

ဒီဆောင်းပါးမှာတော့ အထက်မှာ ဘာသာပြန်ကောက်နုတ်ကိုးကားဖော်ပြထားတဲ့ နပိုလီယန်ဟီးလ် (၁၈၈၈-၁၉၅၅ ခုနှစ်) ကမ္ဘာကျော် တက်ကျမ်းစာရေးဆရာ သန်းကြွယ်သူဌေးကြီးရဲ့ ရေးသားချက်ကို အပြည့်အဝ အားဖြည့်ထောက်ခံပြောအုံးမယ်လို့ စဉ်းစားလိုက်တဲ့အခါ အချို့၊ လူအချို့မှတ်ယူစွဲပိုက်ထားတဲ့ ထင်မြင်ယူဆချက်(အဆို) တစ်ရပ်ကို ထောက်ခံမျှဝေတတ်သူတွေ အတော်များများ အဟုတ်မှတ်ပြောဆိုခံယူနေတဲ့အချက်ကို ထောက်ပြချေဖျက်ပါရစေ။ အမှန်အတိုင်း သိမြင်စေရန် ဆိုလိုပါတယ်။ အခြားမဟုတ်ပါဘူး။ **"မင်းတို့မြန်မာတွေက ခရစ်ယာန်တွေ၊ မိုဟာမေဒင်ကိုးကွယ်တဲ့လူမျိုးတွေ၊ နိုင်ငံတွေထက် ပိုပြီးဆင်းရဲနိမ့်ကျပေမှာပေါ့ကွာ။ မင်းတို့ ယုံကြည်ကိုးကွယ်တဲ့ဗုဒ္ဓဘာသာက ( အချို့လဲ အမည်တပ်ပြောတတ်တယ်။ အချို့ကတော့ မင်းတို့ရဲ့ဘာသာလို့သာ ဆိုကြပါတယ်) ဟန်မကျလို့ပေါ့"** စသဖြင့် ဘာသာတရားကိုပါ ထိပါးပြောဆိုခြင်းမျိုး တွေ့ဖူးကြားဖူးကြတယ်မဟုတ်လား။ စိတ်မတိုပါနဲ့။

အဲသလိုပြောတဲ့သူကို သူ့ကိုယ်သူပြောမိတာ မှားပါတယ်လို့ ဝန်ခံတောင်းပန်သွားရလောက်အောင် ထိထိရောက်ရောက် ဂဃနဏ အောင်အောင်မြင်မြင် ရင်ဆိုင်ချေပနိုင်သူနည်းပုံရပါတယ်။ စကားနည်း ရန်စဲ၊ ခေါင်းငုံ့ခံနေလိုက်ကြတာ များပါတယ်။ သည်းခံခြင်းကို မြတ်စွာဘုရားက အားပေးခဲ့ပါတယ်။ ထားပါတော့။ အလုပ်နဲ့သာ လက်တွေ့ပြကြမယ်။

**လေးစား**

သူတစ်ပါးရဲ့ဘာသာတရားကို မထိခိုက်၊ မတိုက်ခိုက်၊ မစော်ကားပါ။ အထင်လဲမသေးပါ။ မိမိတို့ကြိုက်နှစ်သက်ရာယုံကြည်ခွင့်ရှိကြတာပဲ။ ငါနဲ့မတူ ငါ့ရန်သူလို့မရိုင်းစိုင်းရပါဘူး။ အမြင်မကျဉ်းမြောင်းပါဘူး။ အပြန်အလှန် လေးစားနားလည်ရမှာပေါ့။ ကြည့်ထားဟော့။

မြန်မာနိုင်ငံ မြန်မာလူမျိုးဆိုတာ နှစ်ပေါင်းထောင်နဲ့ချီပြီး ဘာသာ၊ သာသနာအဆုံးအမ ယဉ်ကျေးမှုနဲ့ တိုင်းပြည်နိုင်ငံ ထူထောင်နေထိုင်ခဲ့တဲ့ လူမျိုးပါ။ သမိုင်းရာဇဝင် အထင်အရှားရှိခဲ့ပါတယ်။ ဘယ်နိုင်ငံ ဘယ်လူမျိုးမဆို သမိုင်းမှာ အနိမ့်အမြင့် အတက်အကျတွေ ဖြတ်သန်းခဲ့ကြရတာချည်းပဲခင်ဗျ။ ဘဝင်မြင့်စရာလဲမလိုပါ။ အားငယ်နိမ့်ကျစရာလဲမလိုပါ။ မြင့်လဲမြင့်ဖူးတယ်။ နိမ့်လဲနိမ့်ဖူးတယ်။ စစ်ပွဲတွေများနေတဲ့ခေတ်မှာ ပြည်သူပြည်သားတွေ (အများစုက စိုက်ပျိုးရေးအခြေခံတဲ့နိုင်ငံမျိုး) အလုပ်အကိုင်ပျက်၊ စီးပွားရေးကျ၊ ဆင်းရဲကြရ။ အေးချမ်းသာယာအောင် စုပေါင်းညီညာစည်းလုံးညီညွတ်ကြတဲ့ တစ်သွေးတစ်သံ၊တစ်မိန့် ဩဇာညောင်းတဲ့ခေတ်အခါမှာ မြန်မာနိုင်ငံတော်ကြီးဟာ ဝပြောသာယာစည်ပင်ခဲ့ပါရဲ့။

**အတက်အကျ**

သမိုင်းကောင်းတဲ့နိုင်ငံတော်ခေတ်ကာလတွေကို မင်းနဲ့ပြည်သူလက်တွဲပြီး စီးပွားရေး၊ အုပ်ချုပ်ရေး၊ စစ်ရေးအင်အားကောင်းအောင် ထူထောင်နိုင်တာဟာ အစဉ်အလာ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ဘာသာတရားအခြေခံမှာ နိုင်ငံသားတွေရဲ့နှလုံးရည်၊ ဉာဏစွမ်းရည်နဲ့ တည်ဆောက်ခဲ့ကြခြင်းဖြစ်ပါတယ်။

ဩော်...သိပြီ။ မြန်မာများ အများစုဆင်းရဲနိမ့်ကျနေရခြင်းဖြစ်ရင် ကိုးကွယ်ယုံကြည်တဲ့ဘာသာတရားက အဆုံးအမ လွဲမှားခြင်းကြောင့်မဟုတ်။ လိုက်နာကျင့်သုံးမှုနဲ့ လေးစားနားလည်ခံယူမှုမရှိဘဲ ပေါ့တန်ပစ်ပယ်မှုတွေများခဲ့မိလို့သာ မချမ်းသာ၊ မတိုးတက်၊ မဖွံ့ဖြိုးခဲ့ခြင်းသာ။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ ဆီက မြတ်ဗုဒ္ဓ(ဘီစီ ၅၆၃-၄၈၃) တရားတော်တွေနဲ့ပြီးရောပေါ့။ ၂၀ ရာစု၊ ၂၁ ရာစု အသိပညာတွေ မဆည်းပူး

**❖ နယ်ချဲ့အရင်းရှင်စနစ်နဲ့ ချမ်းသာကြွယ်ဝ၊ အထက်တန်းကျ၊ အနိုင်ကျင့်ဗိုလ်ကျ အပေါ်စီးက နှစ်ပေါင်း ၂၀၀ နေလာခဲ့တဲ့ အနောက်နိုင်ငံတွေ စီးပွားရေး၊ နိုင်ငံရေး၊ ကပ်ဆိုက်၊ အုပ်ချုပ်ရေး ဖရိုဖရဲကျရှုံးပြီး ပြိုကွဲနေကြတဲ့ ၂၁ ရာစုကာလ၊ အရှေ့တောင်အာရှ အပါအဝင် အာရှခေတ် ၂၁ ရာစုလို့ပြောရလောက်အောင် အချိန်ကောင်း၊ အခါကောင်း၊ အခွင့်အလမ်းကောင်း (သမိုင်းတစ်လျှောက်စန်းအပွင့်ဆုံးအချိန်ကောင်း)မှာ အခြေအနေ၊ အချိန်အခါ၊ အခွင့်အလမ်းကို ထိထိမိမိအကျိုးရှိအောင် အသုံးချကြပါ မောင်တို့မယ်တို့ရေ။❖**

မလေ့လာရဘူးလား။ မတားမြစ်ပါဘူး။ အတိတ်ကို အခြေခံပြီး အနာဂတ်ကောင်းစားရေးအတွက် လက်ရှိပစ္စုပ္ပန်အချိန်မှာ အကောင်းဆုံး။ လုပ်ဆောင်ကြရမှာပါ။ ဒါဟာလိုရင်းအချက်ပဲ။ ဉာဏ်ကိုသုံးပါ။

**နားမယောင်နဲ့**

"ငါဟာ မြန်မာဖြစ်လို့ ကြီးပွားမှာမဟုတ်တော့ပါဘူး"

"ငါဟာ မချမ်းသာနိုင်တဲ့ဘာသာကို ယုံမိလို့ မတိုးတက်နိုင်ဘူးများလား"။ စသည်ဖြင့် အခြေအမြစ်မရှိတဲ့ ပြင်ပကအချို့သောဉာဏ်ရည်မမီသူ သို့မဟုတ် မိမိတို့ကို သိမ်ငယ်စိတ်ဝင်အောင် စိတ်ဓာတ်ရေးအရ ချိုးနှိမ်ချင်သူတို့ရဲ့ (လွဲမှားတဲ့) ကောက်ချက်အဆိုတွေကို ရဲရဲပယ်ရှင်းပါလို့ ပြတ်ပြတ်သားသား တိုက်တွန်းပါတယ်။ အမှိုက်ရှင်းပါ။

နပိုလီယန်ဟီးလ်ဆိုတဲ့ စာရေးဆရာပြောတဲ့ **"မိမိယခုရောက်ရှိနေတဲ့အခြေအနေဟာပဲ တကယ်တော့ မိမိအတွက် ကြီးမားတဲ့အခွင့်အလမ်းပဲ"** ဆိုတာ ယုံကြည်ပါ။ သူရေးသားတဲ့ "Think and Grow Rich" ဆိုတဲ့စာအုပ်ကိုဖတ်ပြီး အမေရိကန်တွေ၊ အင်္ဂလိပ်တွေ ကြီးပွားတိုးတက်သွားခဲ့ကြတာပဲ။ အဲဒီစာအုပ်ကိုပင် ဆီလျော်အောင် ဆရာကြီးရွှေဥဒေါင်းက **"အကြံဉာဏ်ဖြင့် ကြီးပွားရေး"**(၁၉၄၆) စာအုပ်ကြောင့် ဖောင်တော်သီမြို့မှ ကိုအောင်သိန်းဆိုသူသည် သာမန်ဘဝမှ ကြီးပွားချမ်းသာလာသဖြင့် ၁၉၅၀ ပြည့်နှစ်က ဆရာကြီးအား လာ၍ကန်တော့သည်ကို မြင်တွေ့ရကြောင်း ဆရာသော်တာဆွေ ကိုယ်တိုင်ရေးခဲ့ဖူး၏။ ကွမ်းယာသည်ဘဝမှ ရွှေရတနာဆိုင်ကြီးပေါင်းများစွာဖြင့် ရွှေသူဌေးဖြစ်လာသူ ဦးအောင်ဆန်းဝင်းသည်လည်း ဆယ်တန်းမအောင်ဘဲ ဤစာအုပ်ကို အဆက်မပြတ်ဖတ်ရှုအားတက်ပြီး ဤဘဝမျိုးရောက်လာခဲ့ကြောင်း ဝန်ခံရေးသား၊ ဟောပြောလေ့ရှိပါ၏။ စာရေးသူကတော့ အားတက်စရာစာအုပ် လေး၊ ငါး၊ ခြောက်အုပ်ဖတ်ပြီး စိတ်ထဲပေါ်ရာ၊ အကျိုးရှိရာရှိကြောင်းကောင်းနိုးရာရာတွေရေးမှာပါ။ အကြောင်းအရာခေါင်းစဉ်အကြောင်းအချက်က ဘာလဲ"

**"နဝရတ်ကိုးသွယ် အောင်မြင်မယ်"**တဲ့။

မှတ်ရလွယ်အောင် တိုတိုရှင်းရှင်းနဲ့ လိုရင်းကိုပဲ ရေးပါမယ်။

၁။ စေတနာအပြည့်နဲ့ ဝန်ဆောင်မယ်။ ပေးဆပ်မယ်။ ဘာတွေလဲ။ ဒါတွေပဲ။ အကျယ်မရေးတော့ပြီ။

(က) ပြုံးပါ။

(ခ) မျက်လုံးချင်းဆုံပါ။

(ဂ) နာမည်ခေါ်ပါ၊ နာမည်သုံးပါ။

(ဃ) မခွဲခြားဘဲ အာရုံစိုက်ပါ။

(င) ကိုယ်ဟန်အမူအရာလှုပ်ရှားမှုကို ဂရုစိုက်(အကဲခတ်ကြည့်ရှု)ပါ။

(စ) လိုက်လျောညီထွေတဲ့ စကားပြောပါ။ (ဘုမတောနဲ့၊ မမာကြောနဲ့)

(ဆ) ကျား မ မခွဲ၊ လူမျိုး၊ ဘာသာမခွဲ၊ ယဉ်ကျေးစွာ လူတစ်ယောက်အနေနဲ့ လေးလေးစားစားနဲ့ ဆက်ဆံပါ။ လေသံ၊ မျက်နှာထား၊ အမူအရာက ထင်ရှားစွာသက်သေပြသပါ။

(ဇ) ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်အဝနဲ့ တည်တည်ငြိမ်ငြိမ်ရှိပါ။ (လောလောပျာပျာ မလုပ်နဲ့)

(ဈ) သပ်သပ်ရပ်ရပ်ဝတ်ဆင်ပါ။ (ဆံပင်မရှိဖရဲ မရှိစေနဲ့)

ဒါဟာ သူတစ်ပါးကို ကျေနပ်နှစ်သက်စေတဲ့ **စေတနာပါပါဝန်ဆောင်မှု(ကိုးချက်) ဆောင်ရွက်**ရပါမယ်။

**အဖိုးတန်ရတနာ**

ဝန်ဆောင်မှုမှာ မိမိဘက်က စေတနာပါပါစေဆိုတဲ့ အကြံပြုတင်ပြချက်ကို အလေးအနက်ကျင့်သုံးရင် ထိရောက်အောင်မြင်ကြောင်း၊ လက်ငင်း ချက်ချင်း မြင်တွေ့ရမှာပဲ။

တကယ့် နဝရတ်ကိုးသွယ်အဖိုးတန်ရတနာတွေက ဒီအချက်တွေပါ-

**၁။ စေတနာအပြည့်အဝနဲ့ ဝန်ဆောင်မှုပေးရမယ်။ (အထက်မှာရှင်းပြခဲ့ပြီ)**

**၂။ မိမိလုပ်ဆောင်ရည် တိုးတက်အောင် လေ့လာပါ။**

**၃။ စာထဲက ဗဟုသုတကို လက်တွေ့ကျင့်သုံးပါ။**

**၄။ ကောင်းတဲ့အကျင့်တွေကို နေ့စဉ်ပုံမှန်ပြုလုပ်ပါ။**

**၅။ အခြေခံဥပဒေသများ(Principles)ကို သိအောင်လေ့လာထား၊ လက်ကိုင်ပြုကျင့်သုံးပါ။**

**၆။ လျှော့မသွားစေဘဲ ဆက်ကာဆက်ကာလုပ်ပါ။**

**၇။ ဇွဲနဲ့အဖော်လုပ်ပါ။** တစ်ကြိမ်မအောင်မြင်လို့ စိတ်မပျက်နဲ့။ နောက်တစ်ကြိမ် ထပ်ကြိုးစား။ အဆင်မပြေလို့ စိတ်ဓာတ်မကျနဲ့ ပိုကောင်းအောင်လုပ်ပြီး ထပ်ကြိုးစား။ ထပ်ကြိုးစား။ မရမချင်းလုပ်ပါ။

**၈။ သူထင်တာထက် (ပိုကောင်းအောင်၊ ပိုများအောင်) လုပ်ပြပါ။** မတောင်းဘဲ မုန့်ဟင်းခါးဟင်းရည်အဆစ်ပေးတဲ့ မုန့်ဟင်းခါးသည်ရဲ့ဆိုင်ပဲ စားနေကျပါ။ သာသာထိုးထိုးစေတနာပါတာကို လူတကာက သိကြတော့ မိမိဘဝအကျိုးပေးတယ်။ ဆရာကြီး ရွှေဥဒေါင်းက ဆရာသုခကို သဘောကျချစ်ခင်တာ အဲဒါပဲ။ ရန်ကုန်မှာနေတဲ့ ဆရာသုခ မန္တလေးလာတဲ့အခါ ဆရာကြီးရွှေဥဒေါင်းတို့ မန္တလေးမှာ ရှားတဲ့ပုစွန်ခြောက်၊ ငါးရံ့ခြောက်၊ စားစရာအသီးအနှံ စသဖြင့် လာတိုင်းကန်တော့လေ့ရှိတယ်။ မင်းသားဇေယျာကို ခေါ်လာပြီး ငွေကျပ် ၅၀၀ ကန်တော့စေတယ်။ (ထိုအချိန်က ငါးရာဟာ ခုချိန် ငါးသိန်းထက်တောင် တန်ဖိုးရှိနိုင်ပါရဲ့) တစ်ဦးက စေတနာပါရင် တစ်ဖက်သားက လည်း မေတ္တာပါတာပေါ့။

**၉။ ဂါရဝ နိဝါတ သူတစ်ပါးကို လေးစားမှုရှိပါ။** လေသံ၊ ဟန်ပန်၊ စကားလုံး၊ မျက်နှာအမူအရာ၊ ကိုယ်နေကိုယ်ဟန်၊ မိမိထက်ကြီးကြီးငယ်ငယ် လူလိုနေရာပေးပြီး ဆက်ဆံတတ်ပါစေ။ (ဆရာကြီးရွှေဥဒေါင်းရေးတဲ့ တစ်သက်တာမှတ်တမ်းနဲ့ အတွေးအခေါ်များ စာအုပ်ထဲက ဖတ်ဖူးတာ) စာရေးဆရာ **ဒဂုန်တာရာ**နဲ့ စာရေးဆရာ **ဗန်းမော်တင်အောင်**တို့ကိုတော်ကြောင်း၊ သိမ်မွေ့ကြောင်း၊ ခင်မင်စရာကောင်းကြောင်း၊ မာဆတ်ဆတ်၊ တိုပြတ်ပြတ်၊ ဘုသမားတွေများကြတဲ့ လက်ဝဲစာရေးဆရာတွေကို သဘောမတွေ့တဲ့ကြားက ဆရာကြီး ရွှေဥဒေါင်းက သူတို့ကိုတော့ သဘောကျချစ်ခင်မိကြောင်း၊ မှတ်တမ်းတင်ခဲ့တာပဲ ကြည့်ပေတော့) လက်ကိုင်ဖုန်းထဲမှာ အပြောမတတ်တော့ ဆဲသလို၊ အကိုင်မတတ်တော့ ခွဲသလို၊ အထိုင်မတတ်တော့ ဖြဲသလိုဆိုတာမျိုး၊ ဂါရဝတရား၊ သူတစ်ပါးကို လေးစားတတ်မှု၊ နိဝါတ တရား၊ မိမိကိုယ်ကို မာန်မထောင်လွှားဘဲ နှိမ့်ချကျိုးနွံတတ်မှု။

ဒါတွေကင်းမဲ့နေကြတာ တွေ့ရမှာပေါ့။ ပြင်ကြပါစို့ကွယ်။

အောင်မြင်ရာ အောင်မြင်ကြောင်း ပြုမူနေထိုင်၊ ပြောဆိုပုံတွေကို ဘာသာတရား၊ ဆရာမိဘ၊ စာကောင်းပေကောင်းတွေက လမ်းပြဆုံးမပေးမယ့် မနာယူ၊ မကျင့်သုံးရင်တော့ မတိုးတက်၊ မမြင့်မားလာနိုင်ဘူးပေါ့။

**နိဂုံး**

တကယ်တော့ မြန်မာနိုင်ငံဟာ လူဦးရေ သန်းပေါင်း ၁၄၀၀ ကျော်စီ အသီးသီးရှိကြတဲ့ တရုတ်နိုင်ငံနဲ့ အိန္ဒိယဆိုတဲ့ ကမ္ဘာ့ပေါ်မှာ စားသုံးသူဈေးကွက် ( စားမယ့်ပါးစပ်တွေ၊ ဝတ်မယ့်ကိုယ်လုံးတွေ) ခြံစည်းရိုးကပ်နေတာ။ တကယ့်အခွင့်အရေး အကြီးကြီး (သူများတကာ ဘယ်သူမှမယှဉ်ပြိုင်နိုင်တဲ့ တည်နေရာ၊ ရွှေပုံပေါ်မှာ ထိုင်နေရတာ)၊ မသိဘူး။

နယ်ချဲ့အရင်းရှင်စနစ်နဲ့ ချမ်းသာကြွယ်ဝ၊ အထက်တန်းကျ၊ အနိုင်ကျင့်ဗိုလ်ကျ အပေါ်စီးက နှစ်ပေါင်း ၂၀၀ နေလာခဲ့တဲ့ အနောက်နိုင်ငံတွေ စီးပွားရေး၊ နိုင်ငံရေး၊ ကပ်ဆိုက်၊ အုပ်ချုပ်ရေး ဖရိုဖရဲကျရှုံးပြီး ပြိုကွဲနေကြတဲ့ ၂၁ ရာစု ကာလ၊ အရှေ့တောင်အာရှအပါအဝင် အာရှခေတ် ၂၁ ရာစုလို့ ပြောရလောက်အောင် အချိန်ကောင်း၊ အခါကောင်း၊ အခွင့်အလမ်းကောင်း (သမိုင်းတစ်လျှောက်စန်းအပွင့်ဆုံးအချိန်ကောင်း)မှာ အခြေအနေ၊ အချိန်အခါ၊ အခွင့်အလမ်းကို ထိထိမိမိအကျိုးရှိအောင် အသုံးချကြပါ မောင်တို့မယ်တို့ရေ။

## (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၁၅၅၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဒီဇင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၁၅၅၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၂၈၄၁၃ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၁၅၅၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် စစ်ကိုင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲဧက ၂၈၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၂၁၅၅၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြပြီး ကုလားပဲတစ်ဧက စိုက်ပျိုးပါက ကုန်ကျစရိတ် ငွေကျပ် သုံးသိန်းကျော်ရှိကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်းများကို တောင်သူများနှင့် ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ပဲမျိုးစုံစိုက်ပျိုးချိန်တွင် ထရိုင်ကိုးဒါးမားအကျိုးပြုမှိုများ ထည့်သွင်းသုံးစွဲစေရေး စည်းရုံးပညာပေးခြင်းလုပ်ငန်းများကိုလည်း အကျိုးဆောင်တောင်သူများအား ချိတ်ဆက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ပွင့်ဖြူမြို့နယ် ခုံစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပွင့်ဖြူ ဒီဇင်ဘာ ၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆည်မုန်းကျေးရွာအုပ်စု ခုံစုကျေးရွာ၌ ၁၁ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လှကြူနွဲ့က စီမံကိန်း ကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်း အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး လိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ချေးငွေအတိုးနှုန်းများနှင့် ပြန်လည်ပေးဆပ်ရမည့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်လှကြူနွဲ့က မြစိမ်းကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ခုံစုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၉ ဦးကို ငွေကျပ် ၃၆ ဒသမ ၄၈ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၃ ဦးကို ငွေကျပ် ၁၀ ဒသမ ၀၇ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၂၅ သန်း၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၂၅ သန်း ၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၂၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၈၅ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၇ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

## အားမြှင့် တက်လှမ်း ပန်းတိုင်လမ်း

\- ဘဝတာ ပန်းတိုင်လမ်းသို့
ရည်မျှော်မှန်း လှမ်းစဉ်ဝယ်၊
ဖွဲသန်သန် မရွံ့မကြောက်နဲ့
လျှောက်ဖို့လိုမယ်၊
အခက်အခဲ အသွယ်သွယ်
ကြုံဆုံဖွယ် ရှောင်မလွဲ၊
စိုးထိတ်ရာ ပယ်ဖျောက်ရှင်းလို့
လှမ်းနင်း ဝံ့ရဲ။

\- ကောင်းတစ်လီ ဆိုးတစ်လှည့်နဲ့
အတွန်းအန္တ ကြောင်းစုံလင်၊
တိုက်ရိုက်ဆုံ သွယ်ဝိုက်ဟပ်ခဲ့
ဆက်စပ်နွှယ်ငင်၊
ကြုံလာစမ်း အန်တုယှဉ်
ကြောက်စိတ်ညဉ် ဖယ်ကာထုတ်၊
ဖြစ်ရမည် ဆန္ဒမြောက်ဖို့
ထွန်းတောက်အောင်လုပ်။

\- ပန်းတိုင်ရယ် လက်တစ်ကမ်းမို့
အရောက်လှမ်းဖို့ မြဲပြင်ဆင်၊
စိတ်ရှည် သည်းခံ မားမားရပ်မှ
ရလဒ်ကောင်း ထင်၊
အားငယ်စိတ် ကျော်ခိုင်းနှင်
ကြောင်းကျိုးယှဉ် စံစားဖို့၊
ကြမ်းချင် ကြမ်း
ပန်းချင် ပန်း နွမ်းချင်နွမ်းပစေ
စွမ်းစခိုင် ယုံကြည်မြဲစွာပေါ့
အနာခံ အသာစံ မလွဲပြီတဲ့
ရဲရင့်စွာ သန္နိဋ္ဌာန်စိတ်နဲ့
မမှိတ်မသုန် ဖွဲမာန်ဝင့်လို့ရယ်
(ကွယ် ...)
အားမြှင့် လှမ်းစို့။ ။

ခိုင်ခိုင်နွယ်(ပညာရေး)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

á မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# တရုတ်တိုက်လေယာဉ်များက ဒုံးကျည်ပစ်လွှတ်မှုရေဒါစနစ်ဖြင့် ဂျပန်တိုက်လေယာဉ်များကို ချိန်ရွယ်ခဲ့ဟုဆို

တိုကျို ဒီဇင်ဘာ ၇

ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းစု အနီးတွင် တရုတ်တိုက်လေယာဉ်များက ဂျပန်တိုက်လေယာဉ်များကို ဒုံးကျည်ပစ်လွှတ်မှု ထိန်းချုပ်ရေးရေဒါဖြင့် ချိန်ရွယ်ခဲ့ကြောင်း ဂျပန် ကာကွယ်ရေးဝန်ကြီး ရှင်းဂျီယိုကိုအိဇုမိက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

တရုတ် တိုက်လေယာဉ်များ၏ အဆိုပါလုပ်ရပ်သည် အလွန်ဘေးအန္တရာယ်များကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးက ဝေဖန်ထားသည်။

တရုတ် တိုက်လေယာဉ်များက ဂျပန် တိုက်လေယာဉ်များကို ဒုံးကျည် ပစ်လွှတ်ထိန်းချုပ်ရေးရေဒါဖြင့် ချိန်ရွယ်မှုများသည် ဒီဇင်ဘာ ၆ ရက်တွင် နှစ်ကြိမ်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီး၏ အဆိုအရ သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ဂျပန်အစိုးရက တရုတ်အစိုးရကို တရားဝင် ကန့်ကွက်ထားကြောင်း ဂျပန် ကာကွယ်ရေးဝန်ကြီးက ပြောကြားထားသည်။

သို့ရာတွင် ဂျပန် ကာကွယ်ရေးဝန်ကြီး၏ အဆိုပါ ပြောကြားချက်များကို တရုတ်ရေတပ် ပြောရေးဆိုခွင့်ရှိသူက ငြင်းပယ်ခဲ့ပြီး ဂျပန်တိုက်လေယာဉ်များကသာ တရုတ်ရေတပ်၏ စစ်ရေးလေ့ကျင့်မှုကို အနှောင့်အယှက် ပေးခဲ့ခြင်းဖြစ်ကြောင်း ပြောကြားထားသည်။

အိုကီနာဝါကျွန်းစုအနီး ဒီဇင်ဘာ ၆ ရက်က ပေါ်ပေါက်ခဲ့သည့်ဖြစ်စဉ်များ၌ တရုတ် တိုက်လေယာဉ်တင် သင်္ဘောပေါ်မှ ပျံတက်လာသည့် ဂျေ-၁၅ အမျိုးအစား တိုက်လေယာဉ်များပါဝင်ကြောင်း ဂျပန် ကာကွယ်ရေးဝန်ကြီး၏ အဆိုအရ သိရသည်။

Ref : RT

Trs : KKO



# အိန္ဒိယနိုင်ငံ ဂိုအာပြည်နယ်၌ မီးလောင်မှုဖြစ်ပွား အနည်းဆုံး လူ ၂၃ ဦး သေဆုံး

ဒေလီ ဒီဇင်ဘာ ၇

အိန္ဒိယနိုင်ငံ ဂိုအာပြည်နယ်ရှိ နာမည်ကျော် နိုက်ကလပ်တစ်ခု၌ ဒီဇင်ဘာ ၆ ရက်တွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၂၃ ဦး သေဆုံးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မီးလောင်မှု ဖြစ်ပွားခဲ့သည့် နိုက်ကလပ်မှာ မြောက်ဂိုအာခရိုင် အာပိုရာမြို့၌ တည်ရှိကြောင်း ဂိုအာပြည်နယ် တာဝန်ရှိသူများက ပြောကြားထားသည်။

နိုက်ကလပ်မီးလောင်မှုကြောင့် သေဆုံးခဲ့ရသူအများစုမှာ နိုက်ကလပ် မီးဖိုချောင်အလုပ်သမားများဖြစ်ကြပြီး ခရီးသွားဧည့်သည် သုံးဦးမှ လေးဦးထိလည်း ပါဝင်နိုင်ကြောင်း ဂိုအာပြည်နယ် တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

အာပိုရာနိုက်ကလပ် မီးလောင်မှုသည် မီးဖိုချောင်ဓာတ်ငွေ့အိုးပေါက်ကွဲမှုကြောင့် ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း အိန္ဒိယပြည်တွင်း မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

လက်ရှိတွင် မီးလောင်မှုဖြစ်ပွားရခြင်း အကြောင်းရင်းကို တိတိကျကျ ဖော်ထုတ်နိုင်ရေးအတွက် စီစဉ်ထားကြောင်း ဂိုအာပြည်နယ် တာဝန်ရှိသူများက ကြေညာထားသည်။

ဂိုအာပြည်နယ် နိုက်ကလပ် မီးလောင်မှုအတွင်း သေဆုံးခဲ့ရသူများအတွက် ဝမ်းနည်းမိကြောင်း အိန္ဒိယဝန်ကြီးချုပ် မိုဒီက ၎င်း၏ လူမှုကွန်ရက် စာမျက်နှာပေါ်၌ ရေးသားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# ရုရှားနယ်မြေ၌ တတိယမြောက် ဒုံးကျည်ကာကွယ်ရေးပူးတွဲစစ်ရေးလေ့ကျင့်မှု တရုတ်နှင့် ရုရှားတပ်များပြုလုပ်



ပေကျင်း ဒီဇင်ဘာ ၇

တရုတ်နှင့် ရုရှား နှစ်နိုင်ငံ လက်နက်ကိုင်တပ်များသည် ၎င်းတို့၏ တတိယမြောက် ဒုံးကျည်ကာကွယ်ရေး ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ယခုလအစောပိုင်းတွင် ပြုလုပ်ခဲ့ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၆ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ဒုံးကျည်ကာကွယ်ရေး ပူးတွဲစစ်ရေးလေ့ကျင့်မှုကို တရုတ်နှင့် ရုရှားတပ်များက ရုရှားနယ်မြေအတွင်း ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး စစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့သည့် အချိန်ကာလအတိအကျကို တရုတ်ကာကွယ်ရေး ဝန်ကြီးဌာနက ထုတ်ပြောထားခြင်း မရှိကြောင်း သိရသည်။

တရုတ်နှင့် ရုရှားတို့၏ ဒုံးကျည်ကာကွယ်ရေး ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် အခြားနိုင်ငံ တစ်နိုင်ငံကို ဦးတည်ရည်ရွယ် ပြုလုပ်သည့် ပူးတွဲစစ်ရေး လေ့ကျင့်မှုများ မဟုတ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ပြီးခဲ့သည့်လက ဒုံးကျည်ကာကွယ်ရေးနှင့် မဟာဗျူဟာမြောက် တည်ငြိမ်မှုထိန်းထားနိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးပွဲများ ကျင်းပခဲ့သည်။

တရုတ်နှင့် ရုရှားနိုင်ငံတို့သည် ၂၀၂၂ ခုနှစ်အတွင်း အကန့်အသတ်မဲ့ မဟာဗျူဟာ မိတ်ဖက်ဆက်ဆံရေးကြေညာထားပြီး နှစ်နိုင်ငံ လက်နက်ကိုင်တပ်များ ပူးတွဲစစ်ရေး လေ့ကျင့်မှုများကိုလည်း မြှင့်တင်ပြုလုပ်ခဲ့သည်။

အထူးသဖြင့် တရုတ်နှင့် ရုရှားနိုင်ငံတို့သည် ရွှေလိပ်ခုံး(Gold Dome)အမည်ရှိ ဒုံးကျည်ကာကွယ်စနစ်တစ်မျိုး တည်ဆောက်မည့် အမေရိကန်အစိုးရ၏ အစီအစဉ်နှင့် ပတ်သက်ပြီး စိုးရိမ်ပူပန်မှုရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# မောင်းသူမဲ့ဒရုန်းယာဉ် ၆၅၃ စင်း အသုံးပြု၍ ယူကရိန်းပစ်မှတ်များကို ရုရှားတပ်များ တိုက်ခိုက်

ကီယက်ဗ် ဒီဇင်ဘာ ၇

ရုရှားတပ်များသည် ဒီဇင်ဘာ ၆ ရက် ညပိုင်းတွင် ဒုံးကျည်များ၊ မောင်းသူမဲ့ ဒရုန်းယာဉ်များဖြင့် ယူကရိန်းပစ်မှတ်များကို ပြင်းထန်စွာတိုက်ခိုက်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင်ဖော်ပြထားသည်။

ဒီဇင်ဘာ ၆ ရက် ညပိုင်းလေကြောင်း တိုက်ခိုက်မှုများတွင် ရုရှားတပ်များက မောင်းသူမဲ့ဒရုန်းယာဉ် ၆၅၃ စင်း၊ ဒုံးကျည် ၅၁ စင်းထိ အသုံးပြုခဲ့ကြောင်း ယူကရိန်း လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ရုရှားတပ်များ၏ အဆိုပါ လေကြောင်း တိုက်ခိုက်မှုကြောင့် ယူကရိန်းတစ်နိုင်ငံလုံး၌ လေကြောင်းရန်ကာကွယ်ရေး သတိပေးချက်များ ထုတ်လွှင့်ခဲ့ရသည်။

ရုရှားတပ်များ အသုံးပြုခဲ့သည့် မောင်းသူမဲ့ဒရုန်းယာဉ်များ အနက် ၅၈၅ စင်း၊ ဒုံးကျည်များအနက် အစင်း ၃၀ တို့ကို ကြားဖြတ်တားဆီးနိုင်ခဲ့ကြောင်း ယူကရိန်းလေကြောင်းရန်ကာကွယ်ရေးတပ် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အလားတူ ဒီဇင်ဘာ ၆ ရက် ညပိုင်းတွင် ရုရှားနယ်မြေအတွင်း ဝင်ရောက်လာသည့် ယူကရိန်း မောင်းသူမဲ့ဒရုန်းယာဉ် ၁၁၆ စင်းကို ပစ်ချနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် လေးနှစ်ကျော်ကြာ ယူကရိန်းပဋိပက္ခကို အဆုံးသတ်ရေးအတွက် အမေရိကန်အစိုးရက ကြားဝင်ညှိနှိုင်းနေဆဲဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO



# ဂရိနိုင်ငံ ခရိုင်ဆီကျွန်းကမ်းလွန်၌ ရေယာဉ်တစ်စီးတိမ်းမှောက် လူ ၁၈ ဦး သေဆုံးပြီး နှစ်ဦး ကယ်တင်နိုင်

အေသင် ဒီဇင်ဘာ ၇

ဂရိနိုင်ငံ ခရိုင်ဆီကျွန်း တောင်ဘက် ကမ်းလွန်ရေပြင်အတွင်း ရေယာဉ်တစ်စီး တိမ်းမှောက်ခဲ့ရာ တရားမဝင် ရွှေ့ပြောင်းဝင်ရောက်သူ ၁၈ ဦး သေဆုံးခဲ့သည်ဟု ဂရိကမ်းခြေစောင့်တပ်က ဒီဇင်ဘာ ၆ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါရေယာဉ်သည် ခရိုင်ဆီကျွန်းကမ်းရိုးတန်းနှင့် ၂၆ မိုင်ခန့်အကွာ မြေထဲပင်လယ်ရေပြင်အတွင်း တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

ယင်း ရေယာဉ်တိမ်းမှောက်မှုကို ထောက်လှမ်းတွေ့ရှိခဲ့သည့် တူကီယဲ ကုန်သင်္ဘောတစ်စီးက ဖြစ်စဉ်နှင့်ပတ်သက်၍ မိမိတို့ထံ အကြောင်းကြား သတိပေးခဲ့ကြောင်း ဂရိကမ်းခြေစောင့်တပ်တာဝန်ရှိသူများကပြောကြားသည်။

ရေယာဉ်တိမ်းမှောက်မှု ဖြစ်စဉ်တွင် တရားမဝင် ရွှေ့ပြောင်းဝင်ရောက်သူ ၁၈ ဦး သေဆုံးခဲ့ပြီး နှစ်ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ဂရိကမ်းခြေစောင့်တပ် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ဂရိနိုင်ငံသည် ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အကြား ပေါ်ပေါက်ခဲ့သည့် လူဝင်မှုအကျပ်အတည်း၏ ဖိအားကို အဓိကခံစားခဲ့ရသည့် ဥရောပနိုင်ငံ တစ်နိုင်ငံဖြစ်သည်။

၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အတွင်း အရှေ့အလယ်ပိုင်းနှင့် အာဖရိကတိုက်တို့မှ တရားမဝင် ရွှေ့ပြောင်းဝင်ရောက်သူ တစ်သန်းကျော်တို့က ဥရောပသို့ ဝင်ရောက်ရန်ကြိုးပမ်းခဲ့ရာ ဂရိနိုင်ငံအပါအဝင် ဥရောပနိုင်ငံများ အကျပ်အတည်းဆိုက်ခဲ့ကြရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## စပေ့စ်အိတ်ကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၈ စင်းကို လွှတ်တင်ခဲ့




ဝါရှင်တန် ဒီဇင်ဘာ ၇

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည်စတားလင့်ခ် အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တု ၂၈ စင်းကို ဒီဇင်ဘာ ၆ ရက်တွင် အောင်မြင်စွာ လွှတ်တင်ခဲ့သည်။

စပေ့စ်အိတ် ကုမ္ပဏီသည် အထက်ပါ စတားလင့်ခ်ဂြိုဟ်တု ၂၈ စင်းကို ကယ်လီဖိုးနီးယား ပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသ စခန်းမှတစ်ဆင့် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ် အကြာတွင် ဖယ်လ်ကွန်-၉ ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသည့် မောင်းသူမဲ့တွဲ ရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

လွှတ်တင်ပြီး တစ်နာရီခန့် အကြာတွင် ဖယ်လ်ကွန်-၉ ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း၊ စပေ့စ်အိတ်ကုမ္ပဏီသည် ခြောက်နှစ်ခွဲကြာ ကာလအတွင်း စတားလင့်ခ်ဂြိုဟ်တု အစင်း ၁၀၀၀၀ ကျော် လွှတ်တင်ခဲ့ရာ ၉၀၀၀ ကျော်မှာ အင်တာနက် ဝန်ဆောင်မှုများ ပေးလျက်ရှိကြောင်း သိရသည်။

ဒီဇင်ဘာ ၆ ရက် မစ်ရှင်သည် စပေ့စ်အိတ်ကုမ္ပဏီက ၂၀၂၅ ခုနှစ်အတွင်း လွှတ်တင်ခဲ့သည့် ၁၅၆ ခုမြောက် ဖယ်လ်ကွန်-၉ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ကြယ်စုပေါင်း ၂၈၀ ကျော်ပါဝင်သည့် ခာတ်ငွေ့မျှင်လွှာကြီးတစ်ခုကို နိုင်ငံတကာသိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

လန်ဒန် ဒီဇင်ဘာ ၇


ကြယ်စုပေါင်း ၂၈၀ ကျော်ပါဝင်သည့် ခာတ်ငွေ့မျှင်လွှာကြီးတစ်ခုကို ဗြိတိန် သိပ္ပံပညာရှင်များ ဦးဆောင်သည့် နိုင်ငံတကာ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဒီဇင်ဘာ ၆ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါခာတ်ငွေ့မျှင်လွှာကြီးသည် တစ်နာရီလျှင် ၂၄၆၀၀၀ မိုင်နှုန်းဖြင့် မွှတ်မွှတ်လည်နေကြောင်း အောက်စဖို့တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ ခာတ်ငွေ့မျှင်လွှာကြီးသည် အလျားအားဖြင့် အလင်းနှစ် သန်း ၅၀ ထိ ရှည်လျားပြီး အချင်းမှာ အလင်းနှစ် ၁၆၃၀၀၀ ခန့်ထိ သာရှိကြောင်း သိရသည်။

ခာတ်ငွေ့မျှင်လွှာကြီးများသည် စကြဝဠာ၏ အကြီးမားဆုံး အာကာသ နယ်မြေများဖြစ်ကြကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ ခာတ်ငွေ့မျှင်လွှာကြီးများသည် စကြဝဠာအတွင်းရှိ ကြယ်စု အစုအဝေးကြီးများကို ပင့်ကူအိမ်သဖွယ် ချိတ်ဆက်ပေးထားကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။




ဗြိတိန် သိပ္ပံပညာရှင်များ တွေ့ရှိထားသည့် ခာတ်ငွေ့မျှင်လွှာကြီးအတွင်းရှိ ကြယ်စုများမှာ ဟိုက်ဒရိုဂျင်ခာတ်ငွေ့ ကြွယ်ဝသည့် ကြယ်စုများဖြစ်သည်။


Ref : Sputnik News

Trs : KKO

## ဒိုင်နိုဆောခြေရာကျောက်ဖြစ်ရုပ်ကြွင်း ၁၆၆၀၀ ပါဝင်သော ခြေရာလမ်းကြောင်းများကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား

ဝါရှင်တန် ဒီဇင်ဘာ ၇

ဘိုလီဗီးယားနိုင်ငံ တိုရိုဘိုရို အမျိုးသားဥယျာဉ်နယ်မြေ၌ ဒိုင်နိုဆောခြေရာ ကျောက်ဖြစ်ရုပ်ကြွင်း ၁၆၆၀၀ ပါဝင်သော ခြေရာလမ်းကြောင်းများကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဒီဇင်ဘာ ၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။




အဆိုပါ ကျောက်ဖြစ်ရုပ်ကြွင်း ခြေရာလမ်းကြောင်းများတွင် သီရိုပေါ့ဒ် ခေါ် အသေးစားဒိုင်နိုဆောများ သွားလာခဲ့ကြသည့် ခြေရာလမ်းကြောင်းဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ သီရိုပေါ့ဒ် ဒိုင်နိုဆော ခြေရာ လမ်းကြောင်းများသည် သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၀၁ သန်းနှင့် ၆၆ သန်းကြားထိရှိကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

သီရိုပေါ့ဒ် ဒိုင်နိုဆောခြေရာ လမ်းကြောင်းများသည် ဧရိယာ စတုရန်းပေ ၈၀၅၇၀ ရှိသည့် နယ်မြေအတွင်း ဖြန့်ကြက်တည်ရှိနေကြောင်း သိရသည်။

အချို့သော ခြေရာလမ်းကြောင်းများပေါ်တွင် သီရိုပေါ့ဒ် ဒိုင်နိုဆောများ၏ အမြီးစွပ်အကြောင်းရာများကိုပါ တွေ့ရှိရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

သီရိုပေါ့ဒ်ဒိုင်နိုဆောများသည် ခြေချောင်းသုံးချောင်းပါဝင်သည့် ခြေထောက် နှစ်ချောင်းဖြင့် လျှောက်လှမ်းသွားလာတတ်သည့် ခရီတေးစီးယပ်စ် ဘူမိခေတ်သက်ရှိများဖြစ်ကြသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## ကလေးဘဝ၌ ဘီကေဗိုင်းရပ်ရောဂါဖြစ်ဖူးပါက အသက်ကြီးချိန် ဆီးအိတ်ကင်ဆာဖြစ်နိုင်ခြေမြင့်တက်နိုင်

လန်ဒန် ဒီဇင်ဘာ ၇

ကလေးဘဝ၌ ဘီကေဗိုင်းရပ်ခေါ် ဗိုင်းရပ် ကူးစက်ရောဂါတစ်မျိုး ဖြစ်ပွားဖူးသူများ၌ အသက်ကြီးချိန်တွင် ဆီးအိတ်ကင်ဆာရောဂါ ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း ဒီဇင်ဘာ ၆ ရက်သတင်းများတွင် ရေးသားတင်ပြထားသည်။

ဘီကေဗိုင်းရပ်ကူးစက်ရောဂါသည် အဖြစ်များသည့် ဗိုင်းရပ် ကူးစက်ရောဂါတစ်မျိုးဖြစ်ပြီး တုပ်ကွေးကဲ့သို့ ရောဂါလက္ခဏာများ ရှိတတ်သည်။

သို့ရာတွင် ဗြိတိန်သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဘီကေဗိုင်းရပ်သည် ဆီးအိတ်တစ်ရှူးများအတွင်းရှိ မျိုးဗီဇ မော်လီကျူး(DNA) များကို ဖျက်ဆီးနိုင်ကြောင်း သိရသည်။

ဆီးအိတ်တစ်ရှူးများက ဘီကေဗိုင်းရပ်ကို ခုခံတုံ့ပြန်ချိန်တွင် DNA များ ပျက်စီးသွားတတ်ပြီး ဆီးအိတ်ကင်ဆာ ဖြစ်နိုင်ခြေမြင့်မားလာနိုင်ကြောင်း ဗြိတိန် သုတေသန ပညာရှင်များက ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် လူသားတို့၏ ဆီးလမ်းကြောင်းတစ်ရှူးများကို ခာတ်ခွဲခန်းအတွင်း ဘီကေဗိုင်းရပ်များဖြင့် လက်တွေ့ စမ်းသပ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

ခုခံအားစနစ် ကောင်းမွန်သူများတွင် ဘီကေဗိုင်းရပ်သည် ငြိမ်သက်နေတတ်သော်လည်း ခုခံအားစနစ် အားနည်းသူများတွင် ပြန်လည် ပေါ်ထွက်လာတတ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ဆီးချိုရောဂါလူနာများ နှလုံးခုန်ရပ်တရက် ရပ်တန့်မှုကြောင့် အသက်ဆုံးပါးနိုင်ခြေမြင့်မားနေ

ကိုပင်ဟေဂင် ဒီဇင်ဘာ ၇

ပုံစံ-၁ ဆီးချိုရောဂါနှင့် ပုံစံ-၂ ဆီးချိုရောဂါလူနာများ၌ နှလုံးခုန်ရပ်တရက် ရပ်တန့်မှုကြောင့် အသက်ဆုံးပါးနိုင်ခြေ မြင့်မားနေတတ်ကြောင်း ဒီဇင်ဘာ ၆ ရက်သတင်းများအရ သိရသည်။

ထို့ပြင် နှလုံးခုန်ရပ်တရက် ရပ်တန့် သေဆုံးမှုပြဿနာများကြောင့် ပုံစံ-၁ နှင့် ပုံစံ-၂ ဆီးချိုရောဂါလူနာများ၏ ပျမ်းမျှဘဝသက်တမ်းမှာလည်း ပိုတိုတောင်းကြောင်း သိရသည်။

ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင် တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ဒိန်းမတ်လူဦးရေတစ်ရပ်လုံး၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ ပုံစံ-၂ ဆီးချိုလူနာများမှာ နှလုံးခုန်ရပ်တရက် ရပ်တန့်မှုကြောင့် အသက်ဆုံးပါးနိုင်ခြေမှာ ပုံမှန်ထက် ၆ ဒသမ ၅ ဆ ပို၍မြင့်မားနေတတ်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အလားတူ ပုံစံ-၁ ဆီးချိုရောဂါလူနာများမှာလည်း ၎င်းရောဂါမရှိသူများနှင့်နှိုင်းယှဉ်ပါက နှလုံးခုန်ရပ်တရက် ရပ်တန့်မှုကြောင့် အသက်ဆုံးပါးနိုင်ခြေ ၃ ဒသမ ၇ ဆ ပိုမိုမြင့်မားနေတတ်သည်။

အထူးသဖြင့် အသက် ၃၀ နှင့် ၄၀ ကြား ပုံစံ-၁ ဆီးချိုလူနာများနှင့် အသက် ၄၀ နှင့် ၅၀ ကြား ပုံစံ-၂ ဆီးချိုရောဂါလူနာများတွင် နှလုံးခုန်ရပ်တန့်မှုကြောင့် သေဆုံးနိုင်ခြေ မြင့်မားနေတတ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO






## ယခုနှစ်ဘောလုံးရာသီတွင် တိုက်စစ်မှူးဟယ်ရီကိန်း ဟက်ထရစ်ဂိုး သုံးကြိမ်ရရှိထား

ဘာလင် ဒီဇင်ဘာ ၇

ဘိုင်ယန်မြူးနစ် အသင်း တိုက်စစ်မှူး ဟယ်ရီကိန်းသည် စတုဂတ်အသင်းကို ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရသည့်ပွဲစဉ်တွင် အသင်းအတွက် ဟက်ထရစ်ဂိုး သွင်းယူခဲ့သည့်အတွက် ယခုနှစ် ဘောလုံး ရာသီတွင် ဟက်ထရစ်ဂိုး သုံးကြိမ်ထိ ရရှိထားကြောင်း Espn သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဟယ်ရီကိန်းသည် စတုဂတ် အသင်းနှင့်ပွဲစဉ်တွင် အရန်လူစာရင်းတွင်သာ ရှိခဲ့သော်လည်း ဒုတိယပိုင်းပွဲကစားချိန် မိနစ် ၆၀ တွင် တိုက်စစ်မှူး ဂျက်ဆန်နှင့် လူစားလဲခဲ့ပြီးနောက် ပွဲချိန် ၆၆ မိနစ်၊ ပွဲချိန် ၈၂ မိနစ်၊ ပွဲချိန် ၈၈ မိနစ်တို့တွင် ဟက်ထရစ်ဂိုး သွင်းယူခဲ့ပြီး အသင်းအနေဖြင့် ပြိုင်ပွဲပြီးဆုံးချိန်တွင် ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။

ဟယ်ရီကိန်းသည် ယခုနှစ်ဘောလုံးရာသီတွင် လိုက်ပ်ဇစ်အသင်းကို ခြောက်ဂိုး ဂိုးမရှိဖြင့် အနိုင်ရသည့် ပွဲစဉ်တွင် တစ်ကြိမ်၊ ဟော့ဖန်ဟိမ်းအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရသည့် ပွဲစဉ်တွင် တစ်ကြိမ်၊ ယခုပွဲစဉ်တွင် တစ်ကြိမ် ဟက်ထရစ်ဂိုး သွင်းယူခဲ့သည့်အတွက် သုံးကြိမ်မြောက် ဟက်ထရစ်ဂိုး သွင်းယူခဲ့ခြင်း ဖြစ်သည်။

လက်ရှိတွင် ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့် အတူ ပြိုင်ပွဲစုံ ၂၇ ပွဲတွင် သွင်းဂိုး ၃၁ ဂိုး သွင်းယူပြီး ဂိုးဖန်တီးမှု လေးကြိမ်ထိ ပြုလုပ်ထားသည်။

ဟယ်ရီကိန်းသည် ဘွန်ဒက်လီဂါ ပြိုင်ပွဲသမိုင်းတစ်လျှောက် ၇၆ ပွဲတွင် သွင်းဂိုး ၇၉ ဂိုးနှင့် ဂိုးဖန်တီးမှု ၂၁ ကြိမ် ပြုလုပ်ကာ ပွဲအနည်းဆုံးဖြင့် ဂိုးပါဝင်ပတ်သက်မှု အကြိမ် ၁၀၀ အမြန်ဆုံး ပြည့်မြောက်သည့် ကစားသမား အဖြစ်လည်း မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

**Ref : Espn**

**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- မိန့်ဇ်အသင်းက ယူနီယံဘာလင်အသင်းနှင့် ဘွန်ဒက်လီဂါတွင် အောင်မြင်မှုရခဲ့သည့် နည်းပြဖစ်ရှာကို နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ပြီး ၂၀၂၈ ခုနှစ်ထိ စာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။
- လီဗာပူးအသင်းက တိုက်စစ်မှူး ဆာလာဟ်ကို ပြိုင်ပွဲစုံ သုံးပွဲဆက် အရန်လူစာရင်းတွင် ထည့်သွင်းခဲ့သည့်အတွက် ကစားသမားအနေဖြင့် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် ဆန္ဒရှိနေကြောင်း သိရသည်။
- တိုက်စစ်မှူး ဗီနီစီးယက်စ်ကို ပရီးမီးယားလိဂ်ကလပ်အသင်းများက စိတ်ဝင်စားမှုမရှိသောကြောင့် ကစားသမားအနေဖြင့် ရီးရဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာပါက ဆော်ဒီပရိုလိဂ်သို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်ထားကြောင်း သိရသည်။ **ML**

## UFC ဖလိုင်းဝိတ်တန်းစိန်ခေါ်ပွဲတွင် ပန်တိုဂျာကို အလဲထိုးဖြင့် အနိုင်ရပြီး မြန်မာပြည်ဖွား ဖိုက်တာ ဂျိုရှုအာဗန် ချန်ပီယံခါးပတ်ဆွတ်ခူး

ရန်ကုန် ဒီဇင်ဘာ ၇

အမေရိကန်နိုင်ငံတွင် ယနေ့နံနက်ပိုင်းက ကျင်းပခဲ့သည့် UFC ဖလိုင်းဝိတ်တန်း စိန်ခေါ်ပွဲတွင် မြန်မာပြည်ဖွား ချင်းလူမျိုးဖိုက်တာ ဂျိုရှုအာဗန်က လက်ရှိချန်ပီယံ ပန်တိုဂျာကို ပထမအချီတွင် အလဲထိုးဖြင့် အနိုင်ရပြီး ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။



အဆိုပါပွဲစဉ်တွင် ဂျိုရှုအာဗန်နှင့် ပန်တိုဂျာတို့သည် ဒုတိယခေါင်ပွဲစဉ်အဖြစ် ထိုးသတ်ခဲ့ခြင်းဖြစ်ပြီး ပွဲစကတည်းက အပြန်အလှန်ဖိအားပေးမှုများဖြင့် ထိုးသတ်ခဲ့ရာ ပွဲချိန် ၂၉ စက္ကန့်တွင် ပန်တိုဂျာ၏ ခြေကန်ချက်ကို ဂျိုရှုအာဗန်က ပြန်လည်တုံ့ပြန်ခဲ့ရာမှ ပန်တိုဂျာအနေဖြင့် လက်ထောက်လဲကျခဲ့ကာ လက်အဆစ်လွဲခဲ့ပြီး ဆက်လက်ထိုးသတ်နိုင်ခြင်း မရှိသည့်အတွက် ဂျိုရှုအာဗန်က ၂၉ စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဂျိုရှုအာဗန်သည် UFC နှင့် စာချုပ်ချုပ်ဆိုပြီးနောက် ၁၀ ပွဲ ထိုးသတ်အပြီးတွင် UFC ဖလိုင်းဝိတ်တန်း ချန်ပီယံဖြစ်လာပြီး ၁၀ ပွဲတွင် ကိုးပွဲထိ အနိုင်ရခဲ့ကာ တစ်ပွဲသာ ရှုံးနိမ့်ပြီး ချန်ပီယံစိန်ခေါ်ပွဲ အပါအဝင် နောက်ဆုံး ထိုးသတ်ခဲ့သည့် ခြောက်ပွဲဆက် နိုင်ပွဲရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

အသက် ၂၄ နှစ်ရှိ ဂျိုရှုအာဗန်သည် ဖလိုင်းဝိတ်တန်းချန်ပီယံဖြစ်လာခဲ့ပြီးနောက် UFC ပြိုင်ပွဲတွင် ငွေ့ဂျူန်းပြီးလျှင် ဒုတိယမြောက် အသက်အငယ်ဆုံး ချန်ပီယံခါးပတ် ဆွတ်ခူးနိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည့်အပြင် UFC ပြိုင်ပွဲတွင် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း မွေးဖွားသူများတွင် ပထမဆုံးချန်ပီယံခါးပတ် ဆွတ်ခူးနိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ဂျိုရှုအာဗန်သည် UFC ဖလိုင်းဝိတ်တန်း ချန်ပီယံခါးပတ်ဆွတ်ခူးနိုင်ခဲ့သည့်အပြင် အခြေခံထိုးကြေးနှင့် အပိုဆုကြေးများအပါအဝင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ သန်းကျော် ရရှိမည်ဖြစ်ကြောင်း သိရသည်။ **STA**

## မေဂျာလိဂ်ကွန်ဖရန့်ပြိုင်ပွဲ ချန်ပီယံဆုကို အင်တာမီယာမီအသင်း ဆွတ်ခူး

ဝါရှင်တန် ဒီဇင်ဘာ ၇

မေဂျာလိဂ်ကွန်ဖရန့် ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အင်တာမီယာမီအသင်းနှင့် ဗန်ကူဗာအသင်းတို့ကစားခဲ့ရာ အင်တာမီယာမီအသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရပြီး ချန်ပီယံဆု ဆွတ်ခူးခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

မေဂျာလိဂ်ကွန်ဖရန့် ပြိုင်ပွဲသည် မေဂျာလိဂ်ပြိုင်ပွဲ အရှေ့ပိုင်းဇုန်အသင်းနှင့် အနောက်ပိုင်းဇုန်အသင်းတို့ ကစားခဲ့ခြင်းဖြစ်သည့်အတွက် အင်တာမီယာမီအသင်းနှင့် ဗန်ကူဗာအသင်းတို့သည် ဇုန်တစ်ခုစီတွင် ချန်ပီယံဆု ဆွတ်ခူးခဲ့သောကြောင့် မေဂျာလိဂ်ကွန်ဖရန့် ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ကစားခဲ့ရခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် အင်တာမီယာမီ အသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားခဲ့ကာ ပွဲချိန် ၈ မိနစ်တွင် ဗန်ကူဗာအသင်းမှ အိုကမ်ပိုက ကိုယ့်ဂိုးကိုယ် သွင်းယူခဲ့သည့်အတွက် အင်တာမီယာမီအသင်း ဦးဆောင်ဂိုးရခဲ့ပြီး ကျန်သွင်းဂိုးများကို ပွဲချိန် ၇၁ မိနစ်တွင် ဒီပေါလ်နှင့် ပွဲချိန် ၉၆ မိနစ်တွင် အယ်လန်ဒီတို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

အင်တာမီယာမီ အသင်းကို ၂၀၁၈ ခုနှစ်က တည်ထောင်ခဲ့ခြင်းဖြစ်သော်လည်း နောက်ပိုင်းနှစ်များတွင် မက်ဆီ၊ ဘက်စ်ကွက်၊ ဆွာရက်ဇ်၊ အယ်လ်ဘာ အစရှိသည့် ထိပ်တန်း ကစားသမားများကို ခေါ်ယူခဲ့ပြီး ထိပ်တန်းအသင်းတစ်သင်းအဖြစ် ရပ်တည်ကာ အမေရိကန်နိုင်ငံတွင် အဆင့်အတန်း အမြင့်ဆုံးဖြစ်သည့် ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : STA**

## Australian Open ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ပက်တာဆန် ဆွတ်ခူး

မဲလ်ဘုန်း ဒီဇင်ဘာ ၇

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ကျင်းပခဲ့သည့် Australian Open ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ဒိန်းမတ် ဂေါက်သီးရိုက်ကစားသမားပက်တာဆန်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Golf Magic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



ဩစတြေးလျ ဂေါက်သီးရိုက် ကစားသမား ကင်မရွန်းစမစ်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်ခဲ့ပြီး တောင်ကိုရီးယား ဂေါက်သီးရိုက်ကစားသမား ကင်စီဝူက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်ခဲ့သည်။

ပက်တာဆန်အနေဖြင့် နောက်ဆုံးနေ့တွင် ရလဒ်မကောင်းခဲ့သော်လည်း ပထမနေ့မှ တတိယနေ့အတွင်း ရလဒ်ကောင်းများ ဆက်တိုက် ရယူထားနိုင်သောကြောင့် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဗိုလ်စွဲရန် ရေပန်းစားခဲ့သည့် ကမ္ဘာ့အဆင့်(၂)နေရာတွင် ရပ်တည်နေသည့် မြောက်အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား မက်အီရွိုင်းမှာ စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ အဆင့်(၈)နေရာ၌သာ ရပ်တည်ခဲ့သည်။

ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည့် ပက်တာဆန်က“တကယ့်ကို ခက်ခဲတဲ့ ပြိုင်ပွဲတစ်ရပ်ဖြစ်ပါတယ်။ ဘယ်လောက်ထိ ခက်ခဲခဲ့သလဲဆိုတာကို ဘယ်လိုစကားလုံးမျိုးနဲ့ ညွှန်းပြရမလဲတောင်မသိတော့ဘူး။ အထူးသဖြင့် နောက်ဆုံးနေ့ကတော့ အခက်အခဲဆုံးပါပဲ။ အခုလို ခက်ခဲတဲ့ပြိုင်ပွဲမှာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာပါတယ်။ ခက်ခဲတဲ့ အခြေအနေမျိုးမှာ ရလဒ်တွေ သိသိသာသာ ထိုးကျမသွားဖို့အတွက် အကောင်းဆုံး စီမံခန့်ခွဲနိုင်ခဲ့လို့လဲ ဝမ်းသာပါတယ်”ဟု ပြောကြားခဲ့သည်။

မက်အီရွိုင်းကလည်း“ဒီပြိုင်ပွဲဟာ ခက်ခဲတဲ့ ပြိုင်ပွဲတစ်ရပ်ဖြစ်ခဲ့တယ်ဆိုတာ ရလဒ်တွေကသက်သေပါပဲ။ ဘယ်လိုရလဒ်မျိုး ထွက်ပေါ်ခဲ့ပါစေ ဒီပြိုင်ပွဲကို ပြန်လည်ပါဝင်ယှဉ်ပြိုင်နိုင်ခဲ့တာကိုပဲ ကျေနပ်ပါတယ်။ ဩစတြေးလျနိုင်ငံရဲ့ ဧည့်ဝတ်ကျေပွန်မှုအတွက်လဲ ကျေးဇူးတင်ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Golf Magic**

**Trs : AZL**

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်ကြည်းတပ်က Stryker M-SHORAD တိုက်ယာဉ်မှ Stinger ဒုံးကျည်ပစ်ခတ်မှု ပထမဆုံးပြုလုပ်နိုင်ခဲ့



အမေရိကန်ကြည်းတပ်၏ အမှတ်(၁) သံချပ်ကာတပ်မကြီးသည် Stryker M–SHORAD တိုက်ယာဉ်မှ Stinger ဒုံးကျည်ပစ်ခတ်မှုကို ပထမဆုံးအကြိမ် အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ကြောင်း Army Recognition သတင်းဌာနက ဒီဇင်ဘာ ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤလုပ်ဆောင်မှုသည် Stryker M–SHORAD တိုက်ယာဉ်၏ စစ်မြေပြင်ကဲ့သို့သော ပတ်ဝန်းကျင်အောက်တွင် ပစ်မှတ်ထောက်လှမ်းခြင်းမှ တိုက်ခိုက်ခြင်းသို့ ကူးပြောင်းနိုင်စွမ်းရှိကြောင်း အတည်ပြုနိုင်ခဲ့ခြင်းဖြစ်သည်။

ဤသို့ ကျည်အစစ်ဖြင့် လေ့ကျင့်ပစ်ခတ်မှုသည် တပ်မအဆင့်တွင် တာတိုပစ်လေကြောင်းရန် ကာကွယ်ရေးစွမ်းရည်ကို ပြန်လည်တည်ဆောက်ရာတွင် အရေးပါသောမှတ်တိုင်တစ်ခုဖြစ်သည်။ Stryker M–SHORAD တိုက်ယာဉ်မှ တပ်ဖွဲ့ဝင်များသည် ရန်သူ့လေယာဉ်ပုံသဏ္ဌာန်ပြုထားသော Outlaw ဒရုန်းကို Stinger ဒုံးကျည်ဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

Stinger ဒုံးကျည်သည် တိုက်ယာဉ်ပေါ်ရှိ အနီအောက်ရောင်ခြည်စနစ်များကို အသုံးပြုကာ ပျံသန်းနေသောဒရုန်းကို အတည်ပြု၍ သတ်မှတ်လုပ်ထုံးလုပ်နည်းများအတိုင်း အောင်မြင်စွာ ထိမှန်ခဲ့သည်။ ဤသည်မှာ လက်တွေ့ကျသော စစ်မြေပြင်အခြေအနေများအောက်တွင် စစ်သည်များ၏ စွမ်းဆောင်ရည်ကို သက်သေပြနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဤပစ်ခတ်မှုသည် ရန်သူ့ရဟတ်ယာဉ်များနှင့် ဒရုန်းများကို ချက်ချင်းတုံ့ပြန်တိုက်ခိုက်ရသည့် စစ်ဆင်ရေးများအတွက် လေ့ကျင့်ရာတွင် အရေးပါသည်။ Stryker M–SHORAD တိုက်ယာဉ်ပေါ်တွင် တပ်ဆင်ထားသော Stinger ဒုံးကျည်များသည် ရွေ့လျားမောင်းနှင်နေစဉ်တွင်ပင် မြေပြင်တပ်ဖွဲ့များကို ကာကွယ်ပေးနိုင်ကြောင်းပြသရန်ဖြစ်သည်။ ဤအောင်မြင်မှုသည် အမေရိကန်ကြည်းတပ်အနေဖြင့် တပ်မဟာအဆင့် စစ်ဆင်ရေးများတွင် Stryker M–SHORAD တိုက်ယာဉ်၏ စွမ်းရည်များ ပြန်လည်လိုအပ်နေကြောင်းကိုလည်း မီးမောင်းထိုးပြနေခြင်းဖြစ်သည်။

Stryker M–SHORAD တိုက်ယာဉ်သည် XM914 30 mm လေယာဉ်ပစ်အမြောက်၊ M240 7.62 mm စက်သေနတ်၊ FIM–92 Stinger ဒုံးကျည်လေးစင်းနှင့် မူလက Hellfire ဒုံးကျည်နှစ်စင်းပါဝင်ဖွဲ့စည်းထားသော ဘက်စုံသုံးဆုံလည်စနစ်တို့ကို ပေါင်းစပ်ထားသည်။ ၎င်းတွင် လေကြောင်းနှင့် မြေပြင်ပစ်မှတ်များကို ထောက်လှမ်းခြေရာခံရန်အတွက် ဘက်စုံသုံးရေဒါနှင့် အဆင့်မြင့်အာရုံခံကိရိယာများလည်း ပါဝင်သည်။ ဤတိုက်ယာဉ်သည် ဒရုန်းများ၊ ရဟတ်ယာဉ်များနှင့် အနိမ့်ပျံလေယာဉ်များကို ကာကွယ်ရန်အတွက် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Stinger ဒုံးကျည်တွင် အလေးချိန် သုံးကီလိုဂရမ်ခန့်ရှိသော စွမ်းအားမြင့် လေကွဲထိပ်ဖူး တပ်ဆင်ထားသည်။ ဒုံးကျည်သည် လမ်းညွှန်မှုအတွက် အချိုးကျလမ်းညွှန်မှုစနစ်နှင့် အအေးပေးရာဖွေခြင်းစနစ်တို့ကို အသုံးပြုထားသည်။ နောက်ပိုင်းမော်ဒယ်များတွင် မီးလျှံများနှင့် အီလက်ထရွန်နစ်တန်ပြန်အစီအမံများကို ပိုမိုကောင်းမွန်စွာ ခွဲခြားသိမြင်နိုင်ရန် အနီအောက်ရောင်ခြည်နှင့် ခရမ်းလွန်ရောင်ခြည် ထောက်လှမ်းကိရိယာနှစ်ခုပါဝင်သည်။ Stinger ဒုံးကျည်၏ သမိုင်းကြောင်းသည် ၁၉၈၀ ပြည့်နှစ်နှောင်းပိုင်းတွင် စတင်ခဲ့ပြီး Falklands ကျွန်း ဆိုဗီယက်–အာဖဂန်စစ်ပွဲမှသည် ယူကရိန်းပဋိပက္ခထိ ပဋိပက္ခများစွာတွင် အသုံးပြုနိုင်ခဲ့ကြောင်း သိရသည်။

**U.S. Army conducts first Stinger missile launch from Stryker M–SHORAD air defense vehicle ကို ဘာသာပြန်ဆိုထားပါသည်။**

## ဗြိတိန် GKN Aerospace ကုမ္ပဏီက ဆွီဒင်စစ်ဘက်အတွက် မောင်းသူမဲ့လေယာဉ်တစ်စင်းကို တီထွင်ထုတ်လုပ်ရန် ကြိုးပမ်းမည်

ဗြိတိန်အခြေစိုက် GKN Aerospace ကုမ္ပဏီသည် ဆွီဒင်စစ်ဘက်အတွက် မောင်းသူမဲ့လေယာဉ်တစ်စင်းကို တီထွင်ထုတ်လုပ်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း Next Gen Defense သတင်းဌာနက ဒီဇင်ဘာ ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။


ဗြိတိန် GKN Aerospace ကုမ္ပဏီသည် မစ်ရှင်အမျိုးမျိုးကို ကျယ်ကျယ်ပြန့်ပြန့် ထမ်းဆောင်နိုင်သည့် ပြောင်းလွယ်ပြင်လွယ်ရှိသော မောင်းသူမဲ့လေယာဉ် အသစ်စက်စက်ကို ဒီဇိုင်းဆွဲရန်အတွက် ဆွီဒင်ကာကွယ်ရေးပစ္စည်း စီမံခန့်ခွဲမှုဌာနနှင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

လိုက်လျောညီထွေရှိသော မူဘောင်တစ်ခုပေါ်တွင် အခြေခံတည်ဆောက်သွားမည့် ဤမောင်းသူမဲ့လေယာဉ်သည် အနာဂတ်တွင် ဟာ့ဒ်ဝဲ သို့မဟုတ် ဆော့ဖ်ဝဲ အဆင့်မြှင့်တင်မှုများအတွက် လမ်းဖွင့်ထားမည်ဖြစ်ပြီး အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်ခြင်းကို အရှိန်မြှင့်တင်ဆောင်ရွက်သွားနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

ဤအယူအဆသည် မောင်းသူမဲ့လေယာဉ်၏ အင်ဂျင်၊ လေယာဉ်ကိုယ်ထည်နှင့် လေယာဉ်ပေါ်ပါစနစ်များ စမ်းသပ်မှုအပါအဝင် ဖွံ့ဖြိုးတိုးတက်မှုအဆင့်များစွာကို ဖြတ်ကျော်သွားရမည်ဖြစ်ပြီး ဝေဟင်တွင် မောင်းသူမဲ့လေယာဉ်၏ စွမ်းဆောင်ရည်ကို ကြည့်ရှုရန်အတွက် စမ်းသပ်ပျံသန်းမောင်းနှင်မှုများဖြင့် အဆုံးသတ်မည်ဖြစ်သည်။

"ဒီအစီအစဉ်ဟာ ဆန်းသစ်တီထွင်မှုရှိပြီး စရိတ်သက်သာတဲ့ စွမ်းရည်အသစ်တွေကို လျင်မြန်စွာ ရှာဖွေနိုင်ဖို့ ဆွီဒင်ကာကွယ်ရေးပစ္စည်း စီမံခန့်ခွဲမှုဌာနနဲ့ ကျွန်တော်တို့ ဘယ်လိုနီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်နိုင်တယ်ဆိုတာကို ပြသတဲ့ဥပမာတစ်ခုပါ။ ဒါဟာ ဆွီဒင်ရဲ့ ကာကွယ်ရေးအသင့်ရှိမှုနဲ့ နည်းပညာဆိုင်ရာအသာစီးကို ခိုင်မာအားကောင်းစေဖို့ ကျွန်တော်တို့ရဲ့ ပူးတွဲကတိကဝတ်ကို ထင်ဟပ်စေပြီး ဆယ်စုနှစ်များစွာ ယုံကြည်စွာ ပူးပေါင်းဆောင်ရွက်မှုအပေါ် အခြေခံထားပါတယ်" ဟု GKN Aero–space ကုမ္ပဏီ၏ အစိုးရဆိုင်ရာ ဖြေရှင်းနည်းများဌာန အကြီးတန်း ဒုတိယဥက္ကဋ္ဌ Stefan Oscarsson က ပြောကြားခဲ့သည်။

GKN Aerospace ကုမ္ပဏီက ဒီဇိုင်းကို လုံးဝအသစ်စက်စက်ဖြင့် တီထွင်ထုတ်လုပ်သွားမည့် မောင်းသူမဲ့လေယာဉ်ကနဦးစီမံကိန်းသည် ဆွီဒင်ကြည်းတပ်နှင့် လေတပ်တို့အတွက် အမေရိကန်ဒေါ်လာ



၁၅ ဒသမ ၉ သန်းတန်ဖိုးရှိ သဘောတူစာချုပ်ဖြင့် စတင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါကုမ္ပဏီသည် Gripen တိုက်လေယာဉ်တွင် တပ်ဆင်အသုံးပြုမည့် RM12 အင်ဂျင်အပါအဝင် ဆွီဒင်ကာကွယ်ရေးအတွက် အဓိကကျသောစနစ်များ ထုတ်လုပ်ရာတွင် ယုံကြည်စိတ်ချရသော ကုမ္ပဏီတစ်ခုအဖြစ် မီးမောင်းထိုးပြနေခြင်းလည်း ဖြစ်ကြောင်း သိရသည်။


စီမံကိန်းနှင့်ပတ်သက်၍ တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများအားလုံးကို ဥရောပတစ်ဝန်းတွင် ဖြန့်ခွဲလုပ်ဆောင်သွားမည်ဖြစ်ပြီး အင်ဂျင်လုပ်ငန်းကို ဆွီဒင်၊ လေယာဉ်ကိုယ်ထည် ထုတ်လုပ်ခြင်းကို နယ်သာလန်တို့တွင် ဆောင်ရွက်သွားမည်ဖြစ်သည်။ ဗြိတိန်တွင်ရှိသော GKN Aerospace ကုမ္ပဏီအနေဖြင့် မောင်းသူမဲ့လေယာဉ်တီထွင်ထုတ်လုပ်ရေး အစီအစဉ်တစ်ခုလုံးနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**Sweden Gears Up for a New UAV With Turbojet Power, Modular Design ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကကတစ်ငါး၏ သဘာဝနှင့်အသုံးဝင်ပုံ

နှင်းအိ(ရာမညမြေ)




မြန်မာနိုင်ငံတွင် ကကတစ်ငါးသည် လူကြိုက်များသော ငါးဖြစ်သည့်အပြင် ဈေးကောင်းရရှိသော ငါးဖြစ်သည်။ ကကတစ်ငါးသည် အပူပိုင်းပူနွေးသော ဒေသများ၌ စီးပွားဖြစ်မွေးမြူသော ငါးမျိုးဖြစ်သည်။ ကကတစ်ငါးမျိုးစိတ်ကို တရုတ်(တိုင်ပေ)၊ ဟောင်ကောင်၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့တွင် တွေ့ရှိနိုင်ပြီး မြန်မာနိုင်ငံတွင် ရခိုင်ကမ်းရိုးတန်းဒေသ၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်၊ တနင်္သာရီကမ်းရိုးတန်းဒေသတို့တွင်လည်း ပေါများစွာတွေ့ရှိရသည်။ ကကတစ်ငါးသည် ငါးတောက်တူ၊ ကသမြင်ငါး၊ ငါးစင်စပ်စသည့်ငါးတို့နှင့် မျိုးရင်းတူသည်။ ကကတစ်ငါးကို အင်္ဂလိပ်လို "Giant Sea Perch or Seabass"ဟု ခေါ်ဆိုကြပြီး သိပ္ပံအမည်မှာ Lates Calcarifer ဟု အမည်တွင်သည်။

**ခန္ဓာဗေဒအချက်အလက်များ**

ကကတစ်ငါး၏ကိုယ်ထည်သည် ပြား၍ အနည်းငယ်ရှည်လျားသည်။ နှာတံတို၍ အောက်မေးရှေ့သို့ ငေါ်ထွက်နေသည်။ ကကတစ်ငါးခေါင်း၏ ဘေးတစ်ဖက်တစ်ချက်တွင် ကြီးမားသောမျက်လုံးနှစ်လုံး ရှိသည်။ ကျောဆူးတောင်နှစ်ခုပါ၍ ရှေ့ဆူးတောင်တွင် မာကျောသောဆူးရိုးများပါရှိသည်။ အကြေးခွံမှာ အနားကြမ်းအကြေးမျိုးဖြစ်သည်။ ကကတစ်ငါး၏အရောင်သည် ဝမ်းဗိုက်တစ်လျှောက်တွင် အဖြူရောင်သန်းနေသည်။

**ကကတစ်ငါး၏ သဘာဝ**

ကကတစ်ငါးမှာ ရေငန်တွင် ဥချသားပေါက်ပြီး ရေချိုအရပ်တွင် ကြီးထွားသော သဘာဝဖြစ်သည်။ ကကတစ်ငါးသည် ငယ်ရွယ်စဉ်တွင် လိင်စုံပါရှိသော သတ္တဝါမျိုးဖြစ်ပြီး ကြီးထွားသောအလေးချိန်အလိုက် မျိုးပွားအင်္ဂါများ ပြောင်းလဲတတ်သည်။ ရေငန်နှုန်း 30 PPT တွင် သားဥချသားပေါက်ပြီး ရေချို၊ ရေငန်စပ်သို့မဟုတ် ရေချိုတွင် ကြီးထွားသောငါးမျိုးဖြစ်သည်။ ကကတစ်သားပေါက်ချိန် ၁၅ ရက်မှ ရက် ၂၀ သားအရွယ် ကကတစ်ငါးသားပေါက်များကို ရေချို၊ ရေငန်စပ်ဖြစ်သော ကမ်းရိုးတန်းတစ်လျှောက် ဒီရေရောက်သောနေရာနှင့် ဒီရေတောများအတွင်းတွင် တွေ့ရှိရသည်။ တစ်စင်တီမီတာအရွယ်ရှိ သားပေါက်များကို ရေငန်နှုန်းနည်းပါးသည့် ဒေသနှင့် ရေချိုဒေသများတွင် တွေ့ရှိရသည်။ ရေချိုဒေသတွင် ကကတစ်ငါးသည် ကြီးထွားပြီး သုံးနှစ်သား၊ လေးနှစ်သားအရွယ် သက်ကြီးကောင်အဆင့်ထိ ရေချိုတွင် နေထိုင်ပြီး မိတ်လိုက်ရန်၊ ဥချရန် ရေငန်ရှိရာ ပင်လယ်ပြင်သို့ ပြောင်းရွှေ့နေထိုင်ကြသည်။ ရေငန်နှုန်း 30-32 PPT ရှိမှသာ ၎င်းတို့၏မျိုးပွားအင်္ဂါမှာ ဖွံ့ဖြိုးနိုင်ကြပြီး ရေချိုကန်များတွင် မွေးမြူသော ကကတစ်ငါးများသည် အရွယ်အစားကြီးမားသော်လည်း မျိုးပွားအင်္ဂါများ ဖွံ့ဖြိုးမှုမရှိကြောင်း လေ့လာတွေ့ရသည်။

**မျိုးပွားခြင်း**

ကကတစ်ငါးမျိုးပွားမှုဖြစ်စဉ်သည် ရေထရက်ဖြစ်သော လပြည့်၊ လကွယ်ရက်များနှင့် ဆက်နွှယ်မှုရှိကြသည်။ သဘာဝရေပြင်တွင်လည်းကောင်း၊ သားပေါက်စခန်းတွင်လည်းကောင်း ည ၁၈ နာရီမှ ၂၄ နာရီအတွင်း မိတ်လိုက်ဥချတတ်သည်။ ကကတစ်ငါး၏ သားပေါက်ရာသီမှာ ဖေဖော်ဝါရီလမှ ဇူလိုင်လအတွင်းဖြစ်ပြီး ပူနွေးသောဒေသများတွင် တစ်နှစ်ပတ်လုံး သားပေါက်နိုင်ကြောင်း သိရှိရသည်။

**ဥချသားပေါက်ခြင်း**

ကကတစ်ငါးသည် မိုးဦးကာလတွင် သားပေါက်ရန်အတွက် မြစ်ဝများ၊ ကမ်းရိုးတန်းများသို့ဆင်းလာပြီး ဥချကြသည်။ မိုးကုန်ခါနီးဆိုလျှင် မြစ်များ၊ ချောင်းများမှတစ်ဆင့် ရေချိုသို့ ပြန်ကြသည်။

ကကတစ်ငါးသည် သားပေါက်အလွန်ကောင်းသောငါးများဖြစ်ကြပြီး ကကတစ်ငါးအမတစ်ကောင်မှာ ဥပေါင်း ၃၂ သန်းထိ ဥဥနိုင်ကြသည်။

**လိင်ပြောင်းလဲတတ်သော သဘာဝ**

ကကတစ်ငါးသည် ရေအောက်ကြမ်းပြင်တွင် နေထိုင်ကျက်စားကြသော ငါးမျိုးစိတ်ဖြစ်ပြီး ထူးခြားချက်မှာ လိင်ပြောင်းလဲတတ်သောသဘာဝရှိသည်။ သုံးနှစ်၊ လေးနှစ်အရွယ်တွင် ငါးထီးအဖြစ်ရှိပြီး ငါးနှစ်၊ ခြောက်နှစ်အရွယ်တွင် ငါးအမအဖြစ် နေထိုင်ကြကြောင်း လေ့လာသိရသည်။ ကကတစ်ငါး အထီးမှအမသို့ လိင်ပြောင်းလဲမှုသည် အသက်အရွယ်အရ ပြောင်းလဲကြသည်ဆိုသော်ငြား အရွယ်အစားကြီးထွားမှုအပေါ်တွင်လည်း မူတည်ကြသည်။ ကကတစ်ငါးအမများမှာ အထီးများထက် အရွယ်အစား ပိုမိုကြီးထွားကြသည်။

**အရွယ်အစားနှင့် သက်တမ်း**

ကကတစ်ငါးသည် သာမန်အားဖြင့် အရှည်တစ်ပေခွဲသာ ရှိသော်လည်း တစ်ခါတစ်ရံ အချို့ငါးများ အရှည် ငါးပေ၊ အလေးချိန် ၅၅ ပိဿာခန့်ထိ ရှိနိုင်သည်။ ထိုကဲ့သို့ အရွယ်အစားကြီးမားသော ကကတစ်ငါးကြီးများကို "ကသပေါင်းငါး"ဟုလည်း ဒေသခံများက ခေါ်ကြသည်။

ကကတစ်ငါး၏သက်တမ်းမှာ ရှစ်နှစ်မှ ၁၂ နှစ်ခန့် အသက်ရှည်ကြပြီး အချို့မှာ အနှစ် ၂၀ ခန့်ထိ အသက်ရှည်နေထိုင်နိုင်သော်လည်း ရာခိုင်နှုန်းနည်းပါးစွာတွေ့ရသည်။

**အစာစားမှုအလေ့အထ**

ကကတစ်ငါးသည် ၎င်းတို့၏အစာအဖြစ် အခွံမာရေသတ္တဝါများ၊ ခရုကမာများနှင့် ငါးငယ်များကို စားသုံးကြသည်။

**ကကတစ်ငါး စားဖွယ်စုံ**

ကကတစ်ငါးကို ငါးသံပရာပေါင်း၊ ကကတစ်ငါး အသားလွှာ၊ ကကတစ်ငါး တုံယမ်းဟင်း၊ ကကတစ်ငါးခဲပတ်ကင်၊ ကကတစ်ငါးသောက်ဆမ်း၊ ကကတစ်ငါးဆားငံစေ့ပေါင်း၊ ကကတစ်ငါးကြော်၊ ကကတစ်ငါးအချိုပေါင်း၊ ကကတစ်ငါးကောင်လုံးချိုချဉ်၊ ကကတစ်ငါးကောင်လုံးချဉ်စပ်၊ ကကတစ်ငါးကြော်နှပ်၊ ကကတစ်ငါးအရိုးနူးပေါင်း၊ ကကတစ်ငါးခေါင်းချဉ်ရည်သောက်ဆမ်းဟင်းလျာများမှာ နာမည်ကြီးသည်။

ကကတစ်ငါးမှာ အရသာချိုပြီးနူးညံ့လွန်းသော ငါးအမျိုးအစားဖြစ်ပြီး အလယ်ရိုးတစ်ရိုးသာပါသဖြင့် အသားကို လွှာ၍သုံးရန်လွယ်ကူသော ငါးတစ်မျိုးဖြစ်သည်။ ကကတစ်ငါးမှာ သက်ကြီးရွယ်အိုများ၊ နာမကျန်းဖြစ်သူများနှင့်လည်း အထူးသင့်တော်သည်။ အညှီနံ့နည်းကာ အရိုးနည်းရုံသာမက အာဟာရတန်ဖိုးများသည်။

**ကကတစ်ငါးနှင့် ကျန်းမာရေး**

ကကတစ်ငါးသည် ကျန်းမာရေးနှင့်ညီညွတ်သော ငါးတစ်မျိုးဖြစ်ပြီး အရည်အသွေးမြင့် ပရိုတင်း၊ နှလုံးနှင့် ဦးနှောက်ကျန်းမာရေးအတွက် အကျိုးပြု အိုမီဂါ-၃ ဖက်တီးအက်စစ်၊ ဗီတာမင်-D၊ ဆီလီနီယမ်နှင့် မဂ္ဂနီစီယမ်ကဲ့သို့ မရှိမဖြစ်လိုအပ်သော ဗီတာမင်နှင့် သတ္တုဓာတ်များပါရှိကြသည်။ ကကတစ်ငါးတွင် ပါဝင်သောအာဟာရဓာတ်သည် နှလုံးနှင့် ဦးနှောက်ကျန်းမာရေးကို ပံ့ပိုးပေးကာ ကြွက်သားကြီးထွားမှုနှင့် ပြုပြင်မှုကို အထောက်အကူပေးပြီး ခုခံအားစနစ်ကို မြှင့်တင်ပေးသည်။ ကကတစ်ငါးတွင် ပြဒါးဓာတ်ပါဝင်မှု နည်းပါးသောကြောင့် ဘေးကင်းပြီး ပုံမှန်စားသုံးရန်သင့်လျော်သည့် ငါးတစ်မျိုးဖြစ်သည်။

**ကကတစ်ငါးတွင်ပါဝင်သော အာဟာရဓာတ်များ**

ကကတစ်ငါး ၃ ဒသမ ၅ အောင်စတွင် ပရိုတင်း ၂၀ ဂရမ်မှ ၂၄ ဂရမ်ခန့် ပါဝင်သည်။ အိုမီဂါ-၃ ဖက်တီးအက်စစ်အပါအဝင် ကျန်းမာရေးနှင့် ညီညွတ်သောအဆီများဖြစ်သော ဗီတာမင်များ ဗီတာမင်-D၊ ဗီတာမင်-A၊ ဗီတာမင်-Bနှင့် ဗီတာမင်-C၊ ဆီလီနီယမ်၊ ဖော့စဖရတ်၊ မဂ္ဂနီစီယမ်၊ ပိုတက်စီယမ်၊ ဇင့်နှင့် အိုင်အိုဒင်းတို့ ပါဝင်သည်။ ကကတစ်ငါးတွင်ပါဝင်သော ပရိုတင်းဓာတ်သည် တစ်ရှူးများ တည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်းအတွက် မရှိမဖြစ်လိုအပ်သော ပရိုတင်း၏အရင်းအမြစ်တစ်ခုဖြစ်သည်။ ထို့ပြင် ကကတစ်ငါးတွင် အိုမီဂါ-၃ ဖက်တီးအက်စစ်-EPA နှင့် DHA ဓာတ် ပါဝင်ပြီး ရောင်ရမ်းမှုကိုလျှော့ချရန်နှင့် နှလုံးသွေးကြောကျန်းမာရေးကို ပံ့ပိုးပေးသည်။ ကကတစ်ငါးတွင်ပါဝင်သော ဗီတာမင်-A၊ ဗီတာမင်-B၊ ဗီတာမင်-C၊ ဗီတာမင်-D၊ ဗီတာမင်E သည် အရိုးနှင့် ကိုယ်ခံအားကျန်းမာရေးအတွက် ကောင်းမွန်စေသည်။

**ကျန်းမာရေးအကျိုးကျေးဇူးများ**

ကကတစ်ငါးတွင် ကြွယ်ဝသော အိုမီဂါ-၃ ဖက်တီးအက်စစ်ပါဝင်သဖြင့် သွေးဖိအားကို လျှော့ကျစေပြီး ကိုလက်စထရောကို လျှော့ချပေးသဖြင့် နှလုံးရောဂါနှင့် လေဖြတ်နိုင်ခြေကို လျှော့နည်းစေသည်။

ကကတစ်ငါးတွင်ပါဝင်သော အိုမီဂါ-၃ ဖက်တီးအက်စစ်-EPA နှင့် DHA ဓာတ်သည် ဦးနှောက်ကျန်းမာရေးနှင့် လုပ်ငန်းဆောင်တာများအတွက် အကျိုးပြုသည်။

ကကတစ်ငါးတွင်ပါဝင်သော အရည်အသွေးမြင့်ပရိုတင်းသည် ကြွက်သားများ ပြုပြင်ခြင်း၊ ကြီးထွားမှုနှင့် ခန္ဓာကိုယ်တစ်ခုလုံး၏ လုပ်ငန်းဆောင်တာများအတွက် အရေးကြီးသည်။ ကကတစ်ငါးတွင်ပါဝင်သော သတ္တုဓာတ်များဖြစ်သည့် ကယ်လ်စီယမ်၊ မဂ္ဂနီစီယမ်နှင့် ဖော့စဖရတ်ကဲ့သို့ သတ္တုဓာတ်များသည် အရိုးသန်မာမှုကို ထောက်ပံ့ပေးသည်။

**❖ ကကတစ်ငါးသည် ကျန်းမာရေးနှင့်ညီညွတ်သောငါးတစ်မျိုးဖြစ်ပြီး အရည်အသွေးမြင့် ပရိုတင်း၊ နှလုံးနှင့် ဦးနှောက်ကျန်းမာရေးအတွက် အကျိုးပြုအိုမီဂါ-၃ ဖက်တီးအက်စစ်၊ ဗီတာမင်-D၊ ဆီလီနီယမ်နှင့် မဂ္ဂနီဆီယမ်ကဲ့သို့ မရှိမဖြစ်လိုအပ်သောဗီတာမင်နှင့် သတ္တုဓာတ်များပါရှိကြသည်။ ကကတစ်ငါးတွင် ပါဝင်သောအာဟာရဓာတ်သည် နှလုံးနှင့်ဦးနှောက်ကျန်းမာရေးကို ပံ့ပိုးပေးကာ ကြွက်သားကြီးထွားမှုနှင့်ပြုပြင်မှုကို အထောက်အကူပေးပြီး ခုခံအားစနစ်ကို မြှင့်တင်ပေးသည်။ ကကတစ်ငါးတွင် ပြဒါးဓာတ်ပါဝင်မှုနည်းပါးသောကြောင့် ဘေးကင်းပြီး ပုံမှန်စားသုံးရန်သင့်လျော်သည့် ငါးတစ်မျိုးဖြစ်သည်။ ❖**

ကကတစ်ငါးတွင် ဆီလီနီယမ်ဓာတ် ကြွယ်ဝစွာပါဝင်သည်။ ဆီလီနီယမ်ဓာတ်သည် ဓာတ်တိုးဆန့်ကျင်ပစ္စည်းအဖြစ် လုပ်ဆောင်ပြီး ကိုယ်ခံအားစနစ်ကို ထောက်ပံ့ပေးသည်။

ကကတစ်ငါးတွင် ပြဒါးဓာတ်နည်းပါးစွာပါဝင်သောကြောင့် အခြားပင်လယ်စာများထက် ပိုမိုဘေးကင်းသောကြောင့် စားသုံးရန်သင့်လျော်သည်။

အချုပ်အားဖြင့်ဆိုရသော် ကကတစ်ငါးသည် သဘာဝအားဖြင့် ကျန်းမာရေးအကျိုးကျေးဇူးလည်း များပြားလှသောကြောင့် စားပေးသင့်သည့် ရေထွက်ကုန်ဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

**ကိုးကား**

- မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၁)
- ငါးလုပ်ငန်းစာစဉ် အတွဲ(၁)၊ အမှတ်(၄)
- Fish Base of Myanmar
- Inland Fisheries of Myanmar

# Men in Black ဇာတ်ကားသစ်ရိုက်ကူးရန် ဆိုနီရုပ်ရှင်ကုမ္ပဏီပြင်ဆင်နေ



နယူးယောက် ဒီဇင်ဘာ ၇

Men in Black ရုပ်ရှင်ဇာတ်ကားသစ် ရိုက်ကူးထုတ်လုပ်ရေးအတွက် ဆိုနီရုပ်ရှင်ကုမ္ပဏီက ပြင်ဆင်နေကြောင်း ဒီဇင်ဘာ ၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Men in Black ဇာတ်ကားသစ်အတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ခရစ်ဘရမ်နာက တာဝန်ယူ ရေးသားပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Men in Black ဇာတ်ကားသစ်၌ ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင်များနှင့် တာဝန်ယူရိုက်ကူးမည့် ဒါရိုက်တာတို့ကို မသိရသေးကြောင်း သိရသည်။

သို့ရာတွင် အဆိုပါဇာတ်ကားသစ်၌ ယခင် Men in Black ဇာတ်ကားများမှ ဝီလ်စမစ် ပြန်လည်ပါဝင်လာနိုင်ကြောင်း သိရသည်။

Men in Black ဇာတ်ကားများသည် ၁၉၉၇ ခုနှစ်တွင် စတင်ရိုက်ကူးထုတ်လုပ်ခဲ့သည့် သိပ္ပံဟာသဇာတ်ကားများဖြစ်ကြသည်။

ဆိုနီရုပ်ရှင်ကုမ္ပဏီသည် ၁၉၉၇ ခုနှစ်မှစ၍ Men in Black ဇာတ်ကားလေးကားရိုက်ကူးထုတ်လုပ်ခဲ့ရာ ကမ္ဘာတစ်ဝန်း စုစုပေါင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၀၄ ဘီလီယံထိ ရရှိခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# Fortune TV ရုပ်သံလိုင်းက တောထဲမှာ ၃၇ ရက် ဇာတ်လမ်းတွဲကို ဒီဇင်ဘာ ၆ ရက်မှ စတင်ထုတ်လွှင့်နေပြီဖြစ်

ရန်ကုန် ဒီဇင်ဘာ ၇

Fortune TV ရုပ်သံလိုင်းက တောထဲမှာ ၃၇ ရက် အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲကို ဒီဇင်ဘာ ၆ ရက်မှစတင်ကာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ထုတ်လွှင့်နေပြီဖြစ်ကြောင်း အဆိုပါတောထဲမှာ ၃၇ ရက်အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲကို ရိုက်ကူးပုံဖော်ထားသူ ဒါရိုက်တာ ကျော်ဇေမှ သိရသည်။

အဆိုပါ တောထဲမှာ ၃၇ ရက် အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲကို စေကနက ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ ကျော်ဇေက ဝတ္ထုဇာတ်လမ်းကို ရေးသားထားကာ ၎င်းကပင် တာဝန်ယူရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"တောတွင်း ခရီးသွားရတာနှစ်သက်တဲ့ ကျော်စွာတစ်ယောက် ဂျူဂျူးနဲ့ တောင်တက်အသင်းတစ်ခုမှာဆုံကြပြီး ဘဝလက်တွဲဖော်များဖြစ်ခဲ့ကြပါတယ်။ သားလေး ကျားရှင်းမွေးပြီးသွားတဲ့အခါ




မှာတော့ သားဖနှစ်ယောက် တောထဲကို ဂျူဂျူး မသိအောင် ခိုးသွားခဲ့ပါတော့တယ်။ ကျော်စွာတစ်ယောက် တောထဲမှာစည်းဖောက်မိတဲ့အတွက် သားအဖနှစ်ယောက်စလုံး တောမှောက်သွားတဲ့အခါ သိသိချင်းလိုက်ရှာတဲ့ ဂျူဂျူးနဲ့ပြန်လည်ဆုံတွေ့နိုင်ပါ့အုံးမလားဆိုတာ တောထဲမှာ ၃၇ ရက် ဇာတ်လမ်းတွဲသစ်လေးမှာကြည့်ရှုအဖြေထုတ်ပေးကြပါအုံး"ဟု ဒါရိုက်တာကျော်ဇေက ပြောပြသည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် စေကနက်၊ အောင်ခိုင်၊ ဥဩ၊ ရှင်မင်းဆက်၊ အိမ့်ခြူးပွင့်၊ အိမြတ်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြပြီး Fortune TV ရုပ်သံလိုင်းမှ ဒီဇင်ဘာ ၆ ရက်မှ စတင်ကာ အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့တိုင်း ညစဉ် ည ၈ နာရီ မိနစ် ၃၀ တွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# တေးသံရှင် လိမ္မော်သီး၏ A Match Made in Musical Heaven တေးဂီတဖျော်ဖြေပွဲကို ASAHI-3 Beer Pub & BBQ တွင် ပြုလုပ်သွားမည်




ရန်ကုန် ဒီဇင်ဘာ ၇

တေးသံရှင် လိမ္မော်သီး၏ A Match Made in Musical Heaven အမည်ရှိ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ ASAHI-3 Beer Pub & BBQ တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် လိမ္မော်သီးထံမှ သိရသည်။

A Match Made in Musical Heaven အမည်ရှိ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်လိမ္မော်သီးနှင့်အတူ Nightingale Music Band တေးဂီတအဖွဲ့ကလည်း အကောင်းဆုံး ပံ့ပိုးကူညီတီးခတ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီဇင်ဘာ ၁၃ ရက် ASAHI-3 Beer Pub & BBQ မှာ Nightingale Music Band နဲ့တွဲဖက်ပြီးတော့ အကောင်းဆုံးဖျော်ဖြေတင်ဆက်သွားဖို့ရှိပါတယ်။ စနေနေ့ညမှာ ဘော်ဒါတွေနဲ့ အတူဆုံချင်လို့ လှမ်းခဲ့ကြပါအုံး"ဟု တေးသံရှင် လိမ္မော်သီးက ပြောပြသည်။

တေးသံရှင် လိမ္မော်သီး၏ A Match Made in Musical Heaven တေးဂီတဖျော်ဖြေပွဲကို ဒီဇင်ဘာ ၁၃ ရက် ည ၇ နာရီတွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# Deep Cuts တွင် မင်းသမီး ကိုင်လီစပေနီနှင့် မင်းသား ဒရူးစတာကီတို့ ပါဝင်မည်ဖြစ်

နယူးယောက် ဒီဇင်ဘာ ၇

A24 ရုပ်ရှင်ကုမ္ပဏီ၏ Deep Cuts အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသမီး ကိုင်လီစပေနီနှင့် မင်းသား ဒရူးစတာကီတို့ ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း ဒီဇင်ဘာ ၆ ရက် သတင်းများအရ သိရသည်။


အဆိုပါ ဇာတ်ကားသည် စာရေးဆရာ ဟော်လီဘရစ်ကလေ၏ Deep Cuts အမည်ရှိ ဝတ္ထုကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Deep Cuts ဇာတ်ကားသည် ဂီတကို အရူးအမူးစွဲလမ်းသူ နှစ်ဦး၏ အချစ်ဇာတ်လမ်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Deep Cuts ဇာတ်ကားကို ဒါရိုက်တာ ရှောင်ဒါကင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင်ရေးသားမည်ဖြစ်သည်။

Deep Cuts ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ရန် A24 ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားပြီး လက်ရှိတွင် Deep Cuts ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို A24 ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KKO




# Reenactment ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား အယ်လ်ဒါအစ္စဂန်ဒါရှော့ဗ် ပါဝင်လာ

နယူးယောက် ဒီဇင်ဘာ ၇

Reenactment အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား အယ်လ်ဒါ အစ္စဂန်ဒါရှော့ဗ်လည်း ပါဝင်လာကြောင်း ဒီဇင်ဘာ ၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Reenactment ဇာတ်ကားသည် အစ္စဂန်ဒါရှော့ဗ်သည် မင်းသား ဘင်နီစီယိုဒယ်လ်တိုရို၊ မင်းသမီး ကင်မရွန်းဒီအက်၊ အန်နာဒီအားမက်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် Reenactment ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို ထုတ်လုပ်သူများက လျှို့ဝှက်ထားဆဲဖြစ်ကြောင်း သိရသည်။

ထို့ပြင် မင်းသားအယ်ဒါအစ္စဂန်ဒါရှော့ဗ် သရုပ်ဆောင်ရမည့်ဇာတ်ကောင်နေရာကိုလည်း မသိရသေးကြောင်း သိရသည်။

Reenactment ဇာတ်ကားကို ဒါရိုက်တာ ဂရန်းဆင်းဂါးက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင် ရေးသားထားသည်။

Reenactment ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို လော့စ်အိန်ဂျလိစ်မြို့၌ မကြာမီကာလအတွင်း စတင်ရိုက်ကူးမည် ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO



# Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing receives a delegation led by Foreign Affairs Minister of Thailand



Senior General Min Aung Hlaing receives Minister of Foreign Affairs of Thailand H.E. Mr. Sihasak Phuangketkeow.

**Nay Pyi Taw December 7**

Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing received a delegation led by Minister of Foreign Affairs of Thailand H.E. Mr. Sihasak Phuangketkeow at the parlour of Bayintnaung Villa, Nay Pyi Taw this afternoon.

Also present at the call together with the Senior General were SSPC Secretary Joint Executive Chief General Ye Win Oo, and SSP members, Union Minister for Home Affairs Lt-Gen Tun Tun Naung and Union Minister for Foreign Affairs U Than Swe. The Thai foreign minister was accompanied by Ambassador of Thailand to Myanmar H.E. Mr. Mongkol Visitstump and members of the delegation.

At the meeting, cordial discussions were centred on a long history between the two countries, Myanmar and Thailand, which are good friends and neighbours, continued implementation of the agreements between the two countries and programs for further cementing bilateral cooperation, the essentiality of peace and stability in border areas for border trade recovery that calls for cooperation between the governments and armed forces of the two countries, the requirement of anti-illicit trade operations in border areas, demolition of buildings in KK Park and Shwe Kokko, the venues of online scams to root out the illegal business, by Myanmar, State-level cooperation in anti-gunrunning at border areas, Myanmar's cooperation in the ASEAN, preparations for holding a free and fair multiparty democracy election in Myanmar, and the Thai elections that will be held in January 2026, and continued efforts for further improvement of bilateral friendship and cooperation between the two countries.

After the call, Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing and Thai FM exchanged commemorative gifts and posed for documentary photos together with the attendees. 100

# More than 1,000 acres of sunflower grown in ChaungU Township

**ChaungU December 7**

Local farmers have planted more than 1,000 acres of winter sunflower in ChaungU Township of Sagaing Region, according to the township Agriculture Department.

For the 2025–2026 winter cropping season, ChaungU Township has planned to cultivate 2,875 acres of winter sunflower. Planting began in October this year, and as of today, a total of 1,316 acres have already been cultivated.

"This year, ChaungU Township has planned to grow more than 2,000 acres of sunflower during the winter cropping season. As of today, more than 1,000 acres have been planted. We are working to ensure that the cultivation target is fully met. Sunflower is being expanded as an edible oil crop to help reduce imports of cooking oil. Compared with other oil crops such as groundnut and sesame, sunflower yields more oil per acre. It is mainly grown during the winter season," said U Tint Shwe, Head of the Township Agriculture Department in ChaungU.

To support the expansion of sunflower cultivation in ChaungU Township, the Township Agriculture Department is intensifying training programs to strengthen the capacity of staff and farmers who plan to grow sunflower.

This year, arrangements are being made to provide sunflower seeds to farmers, to sell urea fertilizer at affordable prices, and to distribute new sunflower varieties through farmer-to-farmer exchange systems. 206

# Kale Township completes 100% harvest of sesame cultivated this monsoon season

**Kale December 7**

According to data from the Kale Township Department of Agriculture, the 100% harvest of all acres of sesame cultivated in the current monsoon season in Kale Township, Kale District, Sagaing Region, has now been completed.

It is reported that during this year's monsoon crop season, a total of 24,164 acres of monsoon sesame could be cultivated in Kale Township. The harvest of these sesame fields began in August this year, and as of today, 100% of the acres have been fully harvested, with a yield of over 10 baskets per acre.

"Daw Marn Oway, the head of the Kale Township Department of Agriculture, said, 'In this monsoon crop season, only 24,164 acres of monsoon sesame were cultivated in Kale Township. The harvest of all these cultivated sesame fields is now 100% complete. We have also worked to expand the cultivated acreage of sesame, improve yield, and promote cultivation using GAP techniques.'

It is learned that this year, the Township Department of Agriculture provided guidance to sesame farmers in Kale Township on expanding sesame cultivation, cultivation techniques, adopting Good Agricultural Practices (GAP), using high-quality pure seeds, and cultivating high-yielding varieties.

Crops produced using GAP methods are of higher quality and fetch better prices compared to those produced using other cultivation methods. Furthermore, they can be exported not only to domestic markets but also to international markets. Consequently, farmers who produce using GAP methods enjoy greater benefits and it is understood that their socio-economic status will also improve. 206

# Kyaukmyaung Sub-Township plants more than 1,000 acres of sweet corns

**Kyaukmyaung December 7**

According to the sub-township Agriculture Department, local farmers grew more than 1,000 acres of sweet corns in Kyaukmyaung Sub-Township of Sagaing Region this year.

During the 2025–2026 winter crop season, Kyaukmyaung Sub-Township planned to cultivate 2,096 acres of sweet corn. Planting began in October this year, and as of today, 1,545 acres have been cultivated.

"For this year's winter crop season, Kyaukmyaung Sub-Township has planned to grow more than 2,000 acres of sweet corn. So far, over 1,000 acres have been cultivated. Efforts are ongoing to reach the full targeted acreage. To ensure successful cultivation, we are providing awareness on good practices and on preventing pest and disease outbreaks," said Daw Khin Win, Head of the Kyaukmyaung Sub-Township Agriculture Department.

The township Agriculture Department has been providing farmers with training, conducting field demonstrations, offering guidance on preventive measures for fall armyworm, introducing integrated pest management practices, and educating farmers on the proper use of pesticides for crop protection in vegetables such as ginger and chili, along with other agricultural knowledge.

In Kyaukmyaung Sub-Township, sweet corn yields are around 15,000 ears per acre, and the cultivation cost per acre exceeds K500,000. 206

# 12 more buildings used for online scam gambling demolished in KK Park area



An Illegally constructed two-story residential building in Section (3) of KK Park area.

Before demolition.

After demolition.

**Nay Pyi Taw December 7**

The Myanmar government continues its clearance operations in Shwe Kokko and KK Park—areas known as major hubs for online scam gambling operations—by entering illegal compounds, seizing materials used in online fraud activities, and systematically demolishing unauthorized buildings. These operations are being carried out by joint teams comprising security forces, administrative bodies, and local authorities.

As part of the ongoing crackdown, authorities demolished 12 more illegal buildings today in the Myawaddy–Maehtawthalay (KK Park) area, including two four-storey buildings and ten two-storey buildings used for online scam gambling activities in Zone (3). With this, a total of 333 out of 635 illegal buildings in KK Park have now been systematically demolished.

Similarly, clearance operations in the Shwe Kokko area, which began on 18 November, have so far inspected 694 buildings. Of these, 169 buildings were found to be involved in online scam gambling operations. To prevent further use, authorities have been sealing off these buildings, and as of today, 161 have been fully sealed.

In addition, equipment used in online scam gambling activities in both KK Park and Shwe Kokko was systematically destroyed by burning today to prevent further misuse. Foreign nationals detained in connection with these illegal operations are being processed by the illegal foreigners screening team. Necessary personal information and records are being collected so they can be repatriated to their respective countries as quickly as possible through inter-departmental cooperation.

The government considers the fight against online scam gambling an important national responsibility and will continue these efforts in cooperation with internal forces as well as neighbouring countries to ensure such operations cannot take root anywhere in Myanmar.

100



Record of destruction of gambling equipment in the Shwe Kokko area, Myawady Township, Kayin State.

Burning and destroying gambling equipment used by online scammers.

# World Insights: Putin-Modi talks signal deepening Russia-India cooperation amid geopolitical pressure

**Colombo December 7**

Russian President Vladimir Putin's state visit to India from Thursday to Friday marked his first trip to the country since the escalation of the Ukraine conflict, sending a clear signal of Moscow's intent to reinforce ties with New Delhi amid mounting geopolitical strain.

The two-day visit coincided with the 25th anniversary of the Russia-India strategic partnership and unfolded against a complex backdrop: Washington has been pressing India over its imports of Russian oil, while diplomatic manoeuvring has intensified among Russia, Ukraine, the United States and Europe around a U.S.-backed "peace plan" for Ukraine.

During the visit, Putin and Indian Prime Minister Narendra Modi agreed to deepen cooperation in traditional pillars such as energy and defense, while also outlining plans to expand collaboration into emerging fields, including technology and innovation.

Analysts observe that, under geopolitical pressure, including the U.S. factor, and driven by pragmatic interests, both nations are adopting a noticeably warmer posture in advancing bilateral ties -- a move aimed at bolstering the resilience of their strategic partnership and securing greater diplomatic space.

Although neither Putin nor Modi explicitly mentioned the United States in their remarks, analysts widely interpreted the strategic signals sent by the talks as a nuanced response to Washington's posture. Xinhua

# Cambodia, Thailand trade blame following border clash

**Phnom Penh December 7**

The Cambodian Ministry of National Defense said on Sunday that Thai soldiers opened fire on Cambodian armed forces, but the Cambodian forces did not fire back. On the same day, the Thai military accused Cambodia of firing first, claiming that Thailand was forced to retaliate.

Maly Socheata, spokesperson for the Cambodian Ministry of National Defense, said in a press release that at 2:15 p.m. local time, Thai military forces initiated an attack against Cambodian forces at the border area in Preah Vihear province. Without retaliating, the Cambodian side promptly contacted and urged the Thai side to cease fire immediately. Subsequently, Thai military forces stopped firing at 2:32 p.m.

Cambodian forces are closely monitoring the situation with utmost caution and vigilance, and Cambodia has also informed the ASEAN observer team about this incident and plans to request the team to investigate this matter, according to the statement.

Thailand's Second Army Region said in a statement on Sunday that Cambodian forces began the attack at Thailand's Si Sa Ket province at the Cambodia-Thailand border at 2:16 p.m., prompting Thai troops to respond in line with standard rules of engagement. The clash ended at 2:50 p.m., but border units remain on high alert amid fears of broader escalation, it said.

Thai media reported that two Thai soldiers were injured, one suffering a gunshot wound to the leg and the other to the chest.

Thai government spokesperson Siripong Angkasakulkiat said that Prime Minister Anutin Charnvirakul is closely following developments along the border and has instructed the defense ministry and the armed forces to take all necessary measures to safeguard national sovereignty and ensure public safety. Xinhua

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# လူငယ်များနှုတ်မှုရေးရာ လိမ္မာရေး

## မောင်လေပြေ(တောင်တွင်း)

လူငယ်များသည် နိုင်ငံအတွက် ရတနာဖြစ်ပေသည်။ ထိုရတနာများကို အနာဂတ်တွင်ပိုမိုတောက်ပ၍ အားကိုးလောက်သော သားကောင်းရတနာ၊ သမီးကောင်းရတနာလေးများဖြစ်လာရန်မှာ မိဘ၊ ဆရာများနှင့် ပတ်ဝန်းကျင်၏ စေ့ဆော်မှု၊ ပဲ့ပြင်လမ်းကြောင်းပေးမှုများပေါ်တွင် မူတည်နေသည်။

ယနေ့လူငယ် နောင်ဝယ်လူကြီးဟူသောစကားနှင့်အညီ ယနေ့လူငယ်လူရွယ်တို့သည် နောင်တစ်ချိန်၌ လူ့ဘောင်လောကကြီးကို ဦးဆောင်ပဲ့ကိုင်မောင်းနှင်ကြမည့်လူကြီးများ ဖြစ်ကြမည်ဖြစ်သည်။ ထို့ကြောင့် လူငယ်များကို လျစ်လျူရှုမထားဘဲ လူတော်လူကောင်းများဖြစ်လာအောင်၊ လိမ္မာယဉ်ကျေးသူများဖြစ်လာအောင်၊ ပညာပြည့်စုံအောင်၊ အကျင့်စာရိတ္တကောင်းမွန်အောင်၊ အများအကျိုးသယ်ပိုးတတ်အောင်၊ နိုင်ငံနှင့်လူမျိုးကို ချစ်တတ်အောင် ငယ်စဉ်ကတည်းကပင် မြေတောင်မြှောက်ပေးထားမှသာ အနာဂတ်အတွက် နိုင်ငံ့သားကောင်းရတနာ၊ သမီးကောင်းရတနာလေးများ ဖြစ်လာကြမည်ဖြစ်သည်။

လူငယ်များကို ပိုမိုလူရာဝင်လာအောင် တစ်နည်းအားဖြင့် လူမှုဆက်ဆံရေးနယ်ပယ်တွင် ပိုမိုကျယ်ပြန့်လာအောင်၊ မိသားစုစကားဝိုင်းများ၊ ကျောင်းစာသင်ခန်းများမှစတင်၍ ပြောတတ်ဆိုတတ်အောင် သင်ကြားပေးရမည်ဖြစ်သည်။ အခြေခံအားဖြင့် လူငယ်များကို စကားပြောခွင့်ပေးကာ လူကြီးမိဘများအနေဖြင့် အရေးတယူနားထောင်ပေးရန်ဖြစ်သည်။ ထိုသို့ ပြောရေးဆိုခွင့်ပေးခြင်းအားဖြင့် လူငယ်များ၏ သဘာဝ၊ လူငယ်များ၏အစွမ်းအစကို ပိုမိုသိလာကာ ဝါသနာနှင့်ပညာရေးကို များစွာအထောက်အပံ့ပေးနိုင်မည်ဖြစ်သည်။

မိဘများအနေဖြင့် မိမိတို့၏ သားသမီးများကို မိသားစုထမင်းဝိုင်းလေးများတွင် ဆုံးမသွန်သင်ကြသကဲ့သို့ မိမိတို့၏သားသမီးများ အသံကိုလည်း နားထောင်ပေးရမည်။ ယနေ့ခေတ်တွင် အလုပ်အကိုင်၊ ပညာရေး စသည့်အကြောင်းတရားများကြောင့် အိမ်တွင် မိဘနှင့်သားသမီးများ တွေ့ဆုံချိန်နည်းပါးလာသည်ကိုတွေ့ရသည်။ အချို့မိသားစုများသည် နည်းပညာ၏လွှမ်းမိုးမှုများကြောင့် အိမ်တစ်အိမ်ထဲတွင် နေထိုင်ကြသော်လည်း မိဘနှင့် သားသမီးများကြား နွေးထွေးမှုနှင့် စကားပြောချိန်များနည်းပါးလာကြသည်။

စာရေးသူတို့ငယ်စဉ်က ရုပ်မြင်သံကြားလိုင်းတစ်ခုကို မိသားစုဝင်များဝိုင်း၍ ကြည့်ရှုကာ မိသားစု၏ချစ်ခြင်းတရားများ ခိုင်မာခဲ့ကြသည်။ ယခုကာလတွင်မူ မိသားစုဝင်တစ်ဦးလျှင် ဖုန်းတစ်လုံးစီဖြင့် အာရုံအသီးသီးဖြင့် နွေးထွေးချိန်၊ စကားပြောချိန်လေးများ နည်းပါးလာသည်ကို တွေ့ရသည်။

အချို့မိဘများဆိုလျှင် ကိုယ့်သားသမီး လူဆိုးလူမိုက်နှင့် ပေါင်းသင်းနေသလား၊ လူတော်လူကောင်းနှင့်ပေါင်းသင်းနေသလား မသိအောင်ပင် သားသမီးများ၏ခြေလှမ်းကို မှန်းမရအောင် ဖြစ်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် မိဘများအနေဖြင့် သားသမီးများကို

**❖ ယနေ့လူငယ် နောင်ဝယ်လူကြီးဟူသော စကားနှင့်အညီ ယနေ့ လူငယ်လူရွယ်တို့သည် နောင်တစ်ချိန်၌ လူ့ဘောင်လောကကြီးကို ဦးဆောင်ပဲ့ကိုင်မောင်းနှင်ကြမည့် လူကြီးများဖြစ်ကြမည်ဖြစ်သည်။ ထို့ကြောင့် လူငယ်များကိုလျစ်လျူရှုမထားဘဲ လူတော်လူကောင်းများ ဖြစ်လာအောင်၊ လိမ္မာယဉ်ကျေးသူများဖြစ်လာအောင်၊ ပညာ ပြည့်စုံအောင်၊ အကျင့်စာရိတ္တကောင်းမွန်အောင်၊ အများအကျိုး သယ်ပိုးတတ်အောင်၊ နိုင်ငံနှင့်လူမျိုးကို ချစ်တတ်အောင် ငယ်စဉ် ကတည်းကပင် မြေတောင်မြှောက်ပေးထားမှသာ အနာဂတ်အတွက် နိုင်ငံ့သားကောင်းရတနာ၊ သမီးကောင်းရတနာလေးများဖြစ်လာကြ မည်ဖြစ်သည်။ ❖**

အချိန်ပေးကာ မိသားစုစကားဝိုင်းလေးများဖြင့် နွေးထွေးစွာပြောဆိုသင့်သည်။

လူငယ်များသည် နောင်တစ်ချိန်တွင် မိသားစုရပ်ရွာနှင့် နိုင်ငံ့တာဝန်များကို ထမ်းရွက်မည့်သူများ ဖြစ်လာကြမည်ဖြစ်သည်။ ထိုအထဲမှတချို့မှာ ဌာနဆိုင်ရာအသီးသီးတွင် တာဝန်ထမ်းဆောင်ကြမည့် အကြီးအကဲများဖြစ်လာကြမည်ဖြစ်ရာ လုပ်ငန်းဆောင်တာနှင့် တာဝန်များကို ဦးဆောင်ဦးရွက်ပြုကာ ထမ်းဆောင်ကြရမည်ဖြစ်သည်။ ထို့ကြောင့် ငယ်ရွယ်စဉ်ကတည်းကပင် ပြောရဲဆိုရဲ၊ ပြောတတ်ဆိုတတ်အောင်သွန်သင်ကာ ပြောရေးဆိုခွင့်ပေးရမည်ဖြစ်သည်။

စကားပြောရာတွင် မင်္ဂလာရှိစွာပြောတတ်စေရန် မြတ်စွာဘုရားက "သုဘာသိတာစ ယာဝါစာ" ဟူ၍ ဟောညွှန်ဆုံးမခဲ့သည်။ မိဘများအနေဖြင့် ၃၈ ဖြာ မင်္ဂလာတရားတော်များကို သားသမီးများအား လက်ဆင့်ကမ်းကာ သင်ကြားပေးကြရမည်ဖြစ်သည်။

သုဘာသိတာစ ယာဝါစာ၏ အဓိပ္ပာယ်မှာ "ကောင်းသောစကားကိုပြောဆိုခြင်း"ဟူ၍ဖြစ်သည်။ ကောင်းသောစကားဆိုသည်မှာ မှန်ကန်သောစကား၊ ချိုသာသောစကား၊ တရားနှင့်အညီ ဖြစ်သောစကား၊ မေတ္တာနှင့်ယှဉ်သော စကားတို့ပင်ဖြစ်သည်။

လူငယ်များအနေဖြင့် မှန်ကန်သောစကားများကို ယဉ်ယဉ်ကျေးကျေးဖြင့် ချိုချိုသာသာ၊ အေးအေးဆေးဆေး ပြောတတ်ရမည်။ ထို့ပြင် ပြောနည်းဆိုနည်းကိုလည်း ကျွမ်းကျင်ရမည်ဖြစ်သည်။

လူငယ်များအနေဖြင့် မပြောသင့်သောစကားများကိုလည်း ရှောင်ရှားတတ်ရမည်ဖြစ်သည်။ ၎င်းတို့မှာ ဝစီဒုစရိုက် လေးပါးဖြစ်သော မုသာဝါဒ-မဟုတ်မမှန်သောစကားပြောဆိုခြင်း၊ ပိသုဏာဝါစာ-ချောပစ်ကုန်းတိုက်ခြင်း၊ ဖရုသဝါစာ-ရိုင်းစိုင်းကြမ်းတမ်းခြင်း၊ သမ္ဖပ္ပလာပဝါစာ-အကျိုးမရှိ သိမ်ဖျင်းသောစကားပြောဆိုခြင်းတို့ဖြစ်သည်။ ထိုသို့သော စကားများကိုရှောင်ရှားပါမှ လူငယ်များအနေဖြင့် ဘဝတွင် အောင်မြင်မှုများစွာရရှိပြီး ယခုဘဝ၌သာမက သံသရာဘဝအဆက်ဆက်ပါ ဆင်းရဲဒုက္ခများနှင့်ဝေးကြမည်ဖြစ်သည်။

ထို့ပြင် စကားခြောက်ခွန်း၊ လူ၌ထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတည်ဆိုသည့် စကားအတိုင်း ဟုတ်မှန်၍ အကျိုးရှိပြီး သူတစ်ပါးကို နှစ်သက်စေသောစကားနှင့် ဟုတ်မှန်၍ အကျိုးရှိသော်လည်း သူတစ်ပါးကို မနှစ်သက်စေသော စကားဟူ၍ နှစ်မျိုးကိုသာ အသုံးပြုသင့်သည်။

ပါဠိတော်လာ စကားခြောက်မျိုးမှာ-

၁။ ဟုတ်မှန်၍ အကျိုးရှိပြီး သူလည်း နာလိုသောစကား။

၂။ ဟုတ်မှန်၍ အကျိုးရှိပြီး သူများမနာလိုသောစကား။

၃။ ဟုတ်မှန်၏ အကျိုးမရှိ သူများလည်း မနာလိုသောစကား။

၄။ မဟုတ်မမှန် အကျိုးရှိ၍ သူများနာလိုနှစ်သက်သောစကား။

၅။ မဟုတ်မမှန် အကျိုးမရှိ သူများနာလိုနှစ်သက်သောစကား။

၆။ မဟုတ်မမှန် အကျိုးလည်းမရှိ သူများလည်း မနာလို မနှစ်သက်သောစကား ဟူသည့် စကားခြောက်ခွန်းရှိရာ မြတ်စွာဘုရားသည် ပထမနှစ်မျိုးကိုသာ ပြောဆိုသင့်ကြောင်း၊ ကျန်လေးမျိုးကို ရှောင်ရှားသင့်ကြောင်း ဟောကြားတော်မူခဲ့သည်။

မိဘများအနေဖြင့် သားသမီးများ ပိုမိုယဉ်ကျေးလာအောင် ယဉ်ကျေးလိမ္မာသင်တန်းများကို အပ်နှံသင်ကြားကြရမည်ဖြစ်သည်။ ထို့ပြင် စာဖတ်ဝိုင်းများ၊ စာပေစကားဝိုင်းများ၊ ရေးသူဖတ်သူ ဆွေးနွေးပွဲများ စသည့်စကားဝိုင်းများတွင် မေးခွန်းများမေးတတ်အောင်၊ ဆွေးနွေးတတ်အောင်၊ အလေ့အကျင့်ကောင်းများရရှိအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

စာရေးသူအနေဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူငယ်ရေးရာဦးစီးဌာနတို့ကကျင်းပသော စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များ၊ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ၊ စာဖတ်ဝိုင်းများတွင် လူငယ်များအနေဖြင့် စိတ်ပါလက်ပါဖြင့် စကားအရာတတ်သိလိမ္မာစွာဖြင့် ပါဝင်ဆွေးနွေးကြသည်ကို ဝမ်းမြောက်ဖွယ် တွေ့မြင်ခဲ့ရသည်။

မိဘများအနေဖြင့် ထိုသို့သောပွဲများကို သားသမီးများနှင့်အတူ တက်ရောက်ဆင်နွှဲခြင်းအားဖြင့် လူငယ်လေးများ၏ဖတ်မှတ်စွမ်းရည်နှင့်စကားပြောစွမ်းရည်များကို ဆန်းစစ်လေ့လာနိုင်ကြမည်ဖြစ်သည်။

အချုပ်အားဖြင့် နိုင်ငံနှင့်လူမျိုးအတွက် လူငယ်များ၏ဘဝများ ပိုမိုတောက်ပလာကာ လိမ္မာယဉ်ကျေးသော လူတော်လူကောင်းများဖြစ်ရန် မိဘ၊ ဆရာများအနေဖြင့် လမ်းညွှန်ပေးရမည်ဖြစ်ပါကြောင်း ဆန္ဒပြုတိုက်တွန်းရေးသားလိုက်ရပါသည်။

# ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေသြဇာ ကေအားလုံးရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

**ငပုတော ဒီဇင်ဘာ ၇**


ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေသြဇာ (ပိုက်ဆန်လျှော်) ကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေသြဇာ (ပိုက်ဆန်လျှော်) ၂၀၂၄ ကေ စိုက်ပျိုးရန် လျာထားပြီး စက်တင်ဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကေအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ငပုတောမြို့နယ်အနေနဲ့ သစ်စိမ်းမြေသြဇာ ကေ ၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာတော့ သစ်စိမ်းမြေသြဇာကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ သစ်စိမ်းမြေသြဇာတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းစိုက်ပျိုးခဲ့ပါတယ်။ အခြားဆောင်းသီးနှံတွေကိုလဲ ဆက်စိုက်ပျိုးနေပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

အဆိုပါ သစ်စိမ်းမြေသြဇာ (ပိုက်ဆန်လျှော်)များကို မြေသြဇာအဖြစ်အသုံးပြုသည့်အတွက် မြေဆီလွှာစွမ်းရည်နှင့် ဂုဏ်သတ္တိမြင့်မားစေခြင်း၊ မြေဆီလွှာ ပိုးကျမှုလျော့ခြင်း၊ ဓာတ်မြေသြဇာများ အသုံးပြုမှုကို လျော့နည်းစေခြင်း၊ ဓာတ်မြေသြဇာများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို သက်သာစေခြင်း စသည့်အကျိုးကျေးဇူးများရရှိကြောင်း သိရသည်။

သစ်စိမ်းမြေသြဇာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းသုံးစွဲမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့်



သစ်စိမ်းမြေသြဇာကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း ငပုတော မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းစုစုပေါင်း ၅၀၉၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကန့်ဘလူ ဒီဇင်ဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစုစုပေါင်း ၅၀၉၃ ကေ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၃၅၆၅ ကေနှင့် ဖူးစားပြောင်း ၁၆၁၃ ကေ စုစုပေါင်း ၅၁၇၈ ကေ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၃၅၃၂ ကေနှင့် ဖူးစားပြောင်း ၁၅၆၁ ကေ စုစုပေါင်း ၅၀၉၃ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်းကေ ၅၁၇၈ ကေ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၅၀၉၃ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်း အောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှား ရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြရမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။ (၂၀၆)




# ကွမ်းခြံကုန်းမြို့နယ် ကြခတ်ကုန်းကြီးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး



ကွမ်းခြံကုန်း ဒီဇင်ဘာ ၇

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြခတ်ကုန်းကြီးကျေးရွာရှိ ကျေးလက်နေပြည်သူများ၊ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်သူများနှင့် အသေးစားစီးပွားရေး လုပ်ကိုင်လျက်ရှိသော အိမ်ထောင်စုများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေ (VRFP) စီမံကိန်းငွေများ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းက ကြခတ်ကုန်းကြီးကျေးရွာရှိ ရပ်မိရပ်ဖများ၊ အသင်းသားများ၊ အသင်းသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ စီမံကိန်းအကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ ရန်ပုံငွေကျပ်၄၄၈သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကြခတ်ကုန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၂၉၀ ကို ကျေးရွာမတည်ရန်ပုံငွေကျပ် ၄၄၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ချိုသန်းညွန့်

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးမုတ်ပိသာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

လပွတ္တာ ဒီဇင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးမုတ်ပိသာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်ခိုင်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးမုတ် ပိသာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ငါးမုတ် ပိသာချိန် ၆၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးမုတ်များကို ပြည်တွင်းဈေးကွက်က ဝယ်ယူမှုများပြားလာခြင်းကြောင့် အရောင်းအဝယ်ကောင်းလာခြင်း ဖြစ်ကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေထဲမှာ ငါးမုတ်တွေ ပိုမိုတင်ပို့ရောင်းချအားကောင်းခဲ့ပါတယ်။ နိုဝင်ဘာလအတွင်း ငါးမုတ် ပိသာချိန် ၆၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကနေ ဒီဘက်က တင်ပို့ရောင်းချတဲ့ ငါးမုတ်တွေ အဝယ်လိုက်လာလို့ တင်ပို့အားတက်ခဲ့တာပါ။ ဒေသပွဲရုံတွေဆီ ငါးမုတ်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီဝင်လာတဲ့ ငါးမုတ်တွေကလဲ လတ်ဆတ်မှုရှိပါတယ်။ ရန်ကုန်ဈေးကွက်ကို ကုန်ပစ္စည်းတွေ တင်ပို့ရောင်းချရတာ အစစအရာရာ အဆင်ပြေပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်ခိုင်က ပြောပြသည်။



လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးမုတ်များ အပါအဝင် ဒေသထွက်ရေထွက်ကုန်များကိုဝယ်ယူပြီး စနစ်တကျ စစ်ဆေးသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ လက်ရှိ တင်ပို့ရောင်းချနေသော ငါးမုတ် တစ်ပိသာလျှင် ငွေကျပ် ၁၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# တောင်တွင်းကြီးမြို့နယ် ဘိုကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

တောင်တွင်းကြီး ဒီဇင်ဘာ ၇

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဘိုကုန်းကျေးရွာ၌ ပြည်ထောင်စု ရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းငွေ၊ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့် အတူ ဘိုကုန်းကျေးရွာ၌ ကျေးလက် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း၊ ရေပြွန်လေးစင်းတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။


တောင်တွင်းကြီးမြို့နယ်ဘိုကုန်းကျေးရွာ၌ လမ်းအရှည် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေကိုးလက်မရှိ ကုန်ထုတ်လမ်းမြေသားတင်ခြင်းနှင့် မြေနီကျောက်စရစ်ခင်းခြင်း၊ အချင်းတစ်ပေ အရှည် ၂၄ ပေရှိသော ရေပြွန်လေးစင်း တည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်ထောင်စု ရန်ပုံငွေကျပ် ၆၄ သန်း အသုံးပြုပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများက တာဝန်ယူ၍ ဇူလိုင် ၇ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

ကိုညို






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr.Sihasak Phuangketkeow အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Sihasak Phuangketkeow တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

**ရှေ့ဖုံးမှအဆက်**

ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံတို့သည် ရှည်လျားသည့်သမိုင်းကြောင်းရှိပြီး အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်မှု၊နှစ်နိုင်ငံအကြား သဘောတူညီချက်များကိုဆက်လက်အကောင်အထည်ဖော်နိုင်ရေးဆောင်ရွက်လျက်ရှိမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးတက်ကောင်းမွန်နေစေရေး ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊နှစ်နိုင်ငံနယ်စပ်ဒေသကုန်သွယ်မှုများပြန်လည်ကောင်းမွန်ရေးအတွက် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးသည် မရှိမဖြစ်လိုအပ်သဖြင့် နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြားပူးပေါင်း၍ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုအပ်မှုအခြေအနေများ၊နယ်စပ်ဒေသတရားမဝင်ကုန်သွယ်မှုများမရှိစေရေး ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတွင်ရှိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို လုပ်ဆောင်လျက်ရှိသည့် KK Park နှင့် ရွှေကုက္ကိုလ်တို့ရှိ အဆောက်အအုံများကို မြန်မာနိုင်ငံဘက်မှ အမြစ်ပြတ်ဖြိုချဖျက်ဆီးလျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတွင် လက်နက်ခဲယမ်းများ တရားမဝင်ရောင်းချနေမှုများကို နိုင်ငံတော်အဆင့်ပူးပေါင်းထိန်းသိမ်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ မြန်မာနိုင်ငံတွင် ယခုလအတွင်း လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုနှင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း ထိုင်းနိုင်ငံ၌ ရွေးကောက်ပွဲကျင်းပပြုလုပ်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်စေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင်နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ထိုင်းနိုင်ငံနိုင်ငံခြားရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၇

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် ရှမ်းပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်းနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ(ကျိုင်းတုံ)သို့ သွားရောက်စစ်ဆေးသည်။



ဦးစွာ ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၏ သင်တန်းကျောင်းဆိုင်ရာအချက်အလက်များကိုလည်းကောင်း ရှင်းလင်းတင်ပြရာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း၍ ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုရှေးရှုပြီး တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးအကြား အလပ်မရှိ အကျိုးညီမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေးကိုအလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာ၌ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာစံတန်ဖိုးများကို တိတိကျကျလိုက်နာ၍ အဂတိတရားကင်းရှင်းစွာဖြင့် ဒေသခံပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန်မှာကြားကာ ဝန်ထမ်းများကို ချီးမြှင့်ငွေများပေးအပ်၍ ရုံးဝင်းအတွင်းရှိ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်ဆောင်ရွက်ထားရှိမှု၊ ဝန်ထမ်းအိမ်ရာများ၊ ရုံးဝင်းအတွင်း သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ကျိုင်းတုံ)သို့ ရောက်ရှိ၍ သင်တန်းသူများ၏ လေ့ကျင့်သင်ကြားနေမှု၊ အိပ်ဆောင်၊ စားရိပ်သာ၊ စားဖိုဆောင်နှင့် စာကြည့်တိုက်တို့ကိုလည်းကောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း(ကျိုင်းတုံ)သို့ရောက်ရှိကာ ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်များ၊ စားရိပ်သာနှင့် အားကစားကွင်းတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကျိုင်းတုံမြို့မှ လွယ်မွေမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံ၍ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သင်ကြားပေးနေသော စာပေအတတ်ပညာများကို အပတ်တကုတ်လေ့လာသင်ယူသွားကြရန် ဆရာ၊ ဆရာမများနှင့် နည်းပြများအနေဖြင့် ဗလငါးတန်နှင့်ပြည့်စုံ၍ နောင်တစ်ချိန်တွင် နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် နိုင်ငံ့ဝန်ထမ်းကောင်းများ၊ခေါင်းဆောင်ကောင်းများဖြစ်လာအောင် ရည်မှန်းချက်များနှင့်အညီ လေ့ကျင့်သင်ကြားပျိုးထောင်သွားကြရန်မှာကြားကာ ချီးမြှင့်ငွေများပေးအပ်သည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျိုင်းတုံမြို့မှမိုင်းဖြတ်မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ချီးမြှင့်ငွေများပေးအပ်ကာ တည်ဆောက်ရေးလုပ်ငန်းများနှင့် ရုံးဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုင်းဖြတ်မြို့မှ တာချီလိတ်မြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ ရောက်ရှိပြီး ဝန်ထမ်းများ၊ နည်းပြများ၊ သင်တန်းသူများနှင့်တွေ့ဆုံ၍ သင်တန်းသူများအနေဖြင့် သင်ကြားပေးသည့် ဘာသာရပ်များကို ကျွမ်းကျင်ပိုင်နိုင်အောင် ကြိုးစားအားထုတ်လေ့ကျင့်သင်ကြားကာ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်သည်ထိ ကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားပြီး ချီးမြှင့်ငွေများပေးအပ်ကာ ကျောင်းဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တာချီလိတ်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးနှင့် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု အာဒီး-နားကျဲ သုံးမိုင် နှစ်ဖာလုံအနက် တစ်မိုင် လေးဖာလုံ အပြီးသတ် မြေလမ်းဖောက်လုပ်ခြင်းနှင့် Box Culvert လေးစင်းတည်ဆောက်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောထံ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Sihasak Phuangketkeow လာရောက်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၇**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောထံ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Sihasak Phuangketkeow ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိပြည်ထောင်စုအစိုးရအဖွဲ့ရုံး ရုံးအမှတ်(၁၈) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။


နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Sihasak Phuangketkeow အား လက်ခံတွေ့ဆုံစဉ်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံမှုပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်ရေး၊ နှစ်နိုင်ငံကုန်သွယ်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရန် ဥပဒေနှင့်အညီ အလေးထားဆောင်ရွက်နေမှုနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြှင့်တင်ဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Sihasak Phuangket-keow၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် အဖွဲ့ဝင်များတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ဗဟ)

# ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ ပထမပတ်စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၇**

လမ်းလျှောက်ခြင်းသည် အရိုးရှင်းဆုံးနှင့် ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာကိုရရှိစေနိုင်သော အထိရောက်ဆုံးလေ့ကျင့်ခန်းတစ်မျိုးဖြစ်သည့်အတွက် နှစ်စဉ်ဒီဇင်ဘာလကို လူထုအားကစားလအဖြစ်သတ်မှတ်၍ အများပြည်သူစုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလှုပ်ရှားမှုများ၊ အားကစားပြိုင်ပွဲများကို နိုင်ငံတစ်ဝန်း ကျင်းပပြုလုပ်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက်တပ်နယ်များ၌လည်းကျင်းပပြုလုပ်လျက်ရှိရာ ဒီဇင်ဘာပထမပတ် စုပေါင်းလမ်းလျှောက်ပွဲများကို ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို နေပြည်တော်ရှိစစ်ကြောရေးနှင့် တည်းခိုရေးစခန်းစစ်ရေးပြကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ဘောလုံးကွင်း၌လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုတပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ ဧရာဝတီ... 

တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ်အားကစားကွင်း၌လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်း၌လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်ဘောလုံးကွင်း၌လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို စစ်တွေတပ်နယ်အားကစားကွင်း၌လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုတပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို မန္တလေးနန်းမြို့တွင်းရှိ မြနန်းစံကျော် ရွှေနန်းတော်ကြီးအနီး၌လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌လည်းကောင်း အသီးသီးကျင်းပပြုလုပ်ကြသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲများတွင် တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း၊တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များပါဝင်ဆင်နွှဲကြပြီး သတ်မှတ်နေရာများ၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြသည်။


အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရုံး၊ဌာနများ၏ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင်ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး စခန်းမှူးနှင့် ရုံး၊ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများပါဝင်ဆင်နွှဲ၍ သတ်မှတ်လမ်းကြောင်းများအတိုင်း စုပေါင်းလမ်းလျှောက်ကြပြီး သတ်မှတ်နေရာ၌ ကိုယ်လက်ကြံ့ခိုင်ရေးများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ဗဟ)


ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ ပထမပတ် စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ ပထမပတ် စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။


ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ ပထမပတ် စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။


အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ ပထမပတ် စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦး၊ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် တက်ရောက်လာကြသူများက ခေတ်အဆက်ဆက်မှ သူရဲကောင်းစစ်သည်များအား ၁၂ ကြိမ်မြောက် ဂုဏ်ပြုပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

☆ ကျောဖုံးမှအဆက်

တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ပါတီခေါင်းဆောင်များ၊ ရောင်နီဦးနှင့် မိတ်ဆွေများ ပရဟိတအသင်း၊ ရွှေပြည်တော်သို့ ဆုံမှတ်ပရဟိတအသင်းနှင့် တပ်မတော်အား ချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နိုင်ငံတော်သီချင်းသီဆိုခြင်း၊နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ခေတ်အဆက်ဆက်မှ တိုင်းပြည်အတွက် အသက်ပေးလှူသွားကြသည့်သူရဲကောင်းစစ်သည်များကို အလေးပြုခြင်း၊ သစ္စာအဓိဋ္ဌာန် လေးချက်ရွတ်ဆိုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ထို့နောက် တိုင်းပြည်အတွက် အသက်ပေးလှူသွားခဲ့ကြသည့် သူရဲကောင်းစစ်သည်များကို ဂုဏ်ပြုသောအားဖြင့် ဝမ်းနည်းခြင်းအထိမ်းအမှတ် နှစ်မိနစ်ငြိမ်သက်ခြင်း၊ သူရဲကောင်းစစ်သည်များ မြင့်မြတ်သော ကောင်းမွန်ရာဘုံဘဝ ရောက်ရှိစေရန် မိုးပျံပူဖောင်းများ လွှတ်တင်ခြင်း၊ ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်မှန်း၍ အထိမ်းအမှတ် ချိုးဖြူငှက်များလွှတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ကျဆုံးစစ်သည်များအတွက် လွမ်းသူ့ပန်းခြင်းများဖြင့် ဂါရဝပြုခြင်းကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့ပြင် ယနေ့နံနက်ပိုင်းတွင်လည်း ကျဆုံးစစ်သည်များကို ရည်စူး၍ ပုဗ္ဗသီရိ မြို့နယ် အေးမြင့်သာယာအုပ်စု ပေါက်တောကျေးရွာ သဒ္ဓါရုံကျောင်းတိုက်၌ သံဃာတော်များအား အရုဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်း၍ ရေစက်သွန်းချ အမျှပေးဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦး၊ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် တက်ရောက်လာကြသူများက ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်ရွယ်၍ အထိမ်းအမှတ်ချိုးဖြူငှက်များ လွှတ်ပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ကျဆုံးစစ်သည်များအား လွမ်းသူ့ပန်းခြင်းများဖြင့် ဂါရဝပြုစဉ်။

# မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မန္တလေး ဒီဇင်ဘာ ၇**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးလုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုးက အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို မန္တလေးတိုင်းဒေသကြီးတွင် အပိုင်း သုံးပိုင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၈ ရက်တွင် အပိုင်း(၁)ကို ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့်ပေါင်းစပ်ပြီး လုံခြုံရေးသတိ၊လုံခြုံရေးအသိတို့ဖြင့် စနစ်တကျကြပ်မတ် ဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးများ၊ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မဲဆန္ဒရှင်စာရင်းမှန်ကန်ရေးအတွက် မဲဆန္ဒရှင်စာရင်းများကို မြို့နယ်များအလိုက် တစ်အိမ်တက်ဆင်းတိုက်ဆိုင်စိစစ်သွားရန် ဆောင်ရွက်နေမှု၊ မဲရုံများ



ဖွင့်လှစ်ထားမှုလျာထားစာရင်း၊ ကြိုတင်မဲပေးမှုဖောင်းပွမှုမဖြစ်စေရေး၊ မဲမသမာမှုမရှိစေရေး စိစစ်ဆောင်ရွက်နေမှုများ၊ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)များကို ရွေးကောက်ပွဲကျင်းပမည့်မြို့နယ်များသို့ ပို့ဆောင်ပေးထားမှု၊ မဲရုံလုံခြုံရေးနှင့် ဆန္ဒမဲပေးသူများအတွက် လုံခြုံရေး စနစ်တကျဆောင်ရွက်ထားရှိမှု အစီအစဉ်များနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းအခြေအနေများကို ဝိုင်းဝန်းဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီးလုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်ပြည်သူများက သီရိလင်္ကာနိုင်ငံ ဒစ်ဝါဆိုင်ကလုန်းမုန်တိုင်း ဘေးအန္တရာယ်ခံစားရသည့် ပြည်သူများသို့ပေးအပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများကို ကိုလံဘိုမြို့တွင် လွှဲပြောင်းပေးအပ်လှူဒါန်း

ကိုလံဘို ဒီဇင်ဘာ ၇

သီရိလင်္ကာနိုင်ငံ၌ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း ဒစ်ဝါကြောင့် ခရိုင် ၂၅ ခုတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ လူဦးရေ ကိုးသိန်းကျော် ရေဘေးဒဏ်ခံစားခဲ့ရပြီး လမ်းတံတားများ၊ နေအိမ်များနှင့် အခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးမှုများရှိခဲ့ကြောင်း သိရသည်။




ထို့ကြောင့် အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ လိုအပ်ကြောင်း နိုင်ငံတကာသို့ ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည့်အတွက် သီရိလင်္ကာနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးသော နှစ်နိုင်ငံဆက်ဆံရေးရှိသည့်အားလျော်စွာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများက သီရိလင်္ကာနိုင်ငံ ဒစ်ဝါဆိုင်ကလုန်းမုန်တိုင်း ဒဏ်ခံခဲ့ရသော ပြည်သူများသို့ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးကုသမှုလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေမည့် ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ တစ်ကိုယ်ရေ ကျန်းမာရေးသုံးပစ္စည်းများကို တပ်မတော်လေယာဉ်ဖြင့် သွားရောက်လှူဒါန်းပို့ဆောင်ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်လဲ့လဲ့အေးတို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညပိုင်းတွင် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့သို့ ရောက်ရှိကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ကို သီရိလင်္ကာနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်မာလာသန်းထိုက်၊ သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှနှင့် အာရှအလယ်ပိုင်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ချန်မာရီရှိဒရီဂို၊ လေတပ်စခန်းဌာနချုပ် စီမံကိန်းဌာန ညွှန်ကြားရေးမှူးချုပ် Air Vice Marshal S Deshapriya GM Silva နှင့် သီရိလင်္ကာ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုတွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာကိုယ်စားလှယ်အဖွဲ့က သီရိလင်္ကာနိုင်ငံတွင် ဒစ်ဝါမုန်တိုင်း တိုက်ခတ်မှုဒဏ်ကြောင့် လူ့အသက်အိုးအိမ်ပစ္စည်းများ ဆုံးရှုံးခဲ့ရမှုအပေါ် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများက သီရိလင်္ကာအစိုးရနှင့် ပြည်သူများနည်းတူ ထပ်တူဝမ်းနည်းပါကြောင်း၊ နှစ်နိုင်ငံအကြား မိသားစုစိတ်ဓာတ်ဖြင့် အခက်အခဲကြုံချိန်တွင် အပြန်အလှန်ရိုင်းပင်းကူညီမှု ပြုခြင်းဖြစ်ပါကြောင်း၊ ဆန်နှင့်အလှူငွေများ ဆက်လက်ပေးအပ်လှူဒါန်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သီရိလင်္ကာနိုင်ငံအစိုးရနှင့် ပြည်သူများအနေဖြင့် အမြန်ဆုံးပြန်လည်ထူထောင်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားကြသည်။

ထို့နောက် တပ်မတော်လေယာဉ်ဖြင့် တင်ဆောင်လာသော ဆေးဝါးနှင့် ဆေးပစ္စည်း ၂၆ မျိုး တန်ချိန် ၆ ဒသမ ၉၃၈ တန်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ တန်ချိန် ၂ ဒသမ ၂၆၂ တန် စုစုပေါင်း တန်ချိန် ၉ ဒသမ ၂ တန်ကို ကိုလံဘိုလေဆိပ်တွင် သီရိလင်္ကာနိုင်ငံမှ တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်လှူဒါန်းကြသည်။

မြန်မာနိုင်ငံအနေဖြင့် သီရိလင်္ကာနိုင်ငံရေဘေးနှင့် မြေပြိုဘေးအန္တရာယ်ကြုံတွေ့ခံစားခဲ့ရသော အစိုးရနှင့် ပြည်သူများအတွက် ယခုလှူဒါန်းမှုသည် အမေရိကန်ဒေါ်လာ ၁၂၀၀၀၀ ခန့်တန်ဖိုးရှိပြီး ဆန်တန်ချိန် ၅၀၀နှင့် အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ တို့ကို ဆက်လက်ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❑ **ရထားခရီးစဉ်မှ**

ရထားခရီးစဉ်တွင် တောင်ကြီးတက္ကသိုလ်မှ ဆရာ၊ ဆရာမ ၁၂ ဦး၊ အေးသာယာမြို့နယ် အစိုးရနည်းပညာကောလိပ် (GTC)မှ ကျောင်းသား၊ ကျောင်းသူ ဦးရေ ၅၀၊ အောင်ပန်းမြို့ရှိ GELC ကိုယ်ပိုင်အလယ်တန်းကျောင်းမှ ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူ ၆၂ ဦးနှင့် အများပြည်သူ ရထားစီးခရီးသည် ဦးရေ ၉၀ စုစုပေါင်း ခရီးသည် ၂၁၄ ဦး လိုက်ပါစီးနင်းကြသည်။ ထို့အတူ ရုံးပိတ်ရက်စနေနေ့ဖြစ်သော ဒီဇင်ဘာ ၆ ရက် ခရီးစဉ်၌ တောင်ကြီးမြို့ရှိ Sure the Children (Shan State NGO)မှ ၃၀၊ ကန်ကြီးရပ်ကွက်အဖွဲ့သူအဖွဲ့သားများ ဦးရေ ၆၀ နှင့် အများပြည်သူ ရထားစီးခရီးသည် ၁၂၄ ဦး လိုက်ပါစီးနင်းခဲ့ကြသည်။

တောင်ကြီး-ပေါမှူ ခရီးစဉ်မှာ ၁၁ ဒသမ ၄၁ မိုင် ကွာဝေးပြီး ပြေးဆွဲချိန် ၁ နာရီခွဲခန့် ကြာမြင့်၍ လမ်းခရီးတွင် ဘဝသံသရာအဝိုင်းအနီးဝန်းကျင်ရှိ သဘာဝရှုခင်းအလှများကို ကြည့်ရှုခံစားနိုင်ရန် ထီးသိမ်ဘူတာ၌ ၁၅ မိနစ်ရပ်တန့်ပေးကာ ပေါမှူဘူတာသို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိပြီး ရထားတွဲဆိုင်းကို တောင်ကြီးဘက်သို့ ပြန်လှည့်နိုင်ရန် တွဲရွှေ့ပြုလုပ်ချိန် မိနစ် ၃၀ ရပ်တန့်ပေး၍ ပေါမှူဘူတာမှ နံနက် ၁၁ နာရီ တွင် ပြန်လည်ထွက်ခွာကာ တောင်ကြီးဘူတာသို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ရောက်ရှိသည်။

ပြေးဆွဲသည့် ရထားတွဲဆိုင်းမှာ မြင်းကောင်ရေ ၂၀၀၀ အား စက်ခေါင်းဖြင့် အထက်တန်း သုံးတွဲ၊ ရိုးရိုးတန်း နှစ်တွဲနှင့် ရထားထိန်းတွဲ တစ်တွဲဖြစ်ပြီး တောင်ကြီး-ပေါမှူ အသွား၊ အပြန်ခရီးစဉ်အတွက် လက်မှတ်ခနှုန်းထားမှာ အထက်တန်းတွဲအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀နှင့် ရိုးရိုးတန်းအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ ဖြစ်သည်။

တောင်ကြီး-ပေါမှူ ခရီးစဉ်ကို တောင်ကြီးမြို့မှ စတင်ထွက်ခွာသည်နှင့် တောင်ကြီးမြို့၏ အထင်ကရနေရာ မီးပုံပျံကွင်းကြီးကို ရထားပေါ်မှနေ၍ ကြည့်ရှုခံစားရခြင်း၊ တောင်ကြီးမြို့၏ ခေတ်မီလှပသော မြို့ပြမြင်ကွင်းများကို ရထားပေါ်မှ ကောင်းစွာမြင်နိုင်ပြီး စိတ်လက်ကြည်လင် အေးချမ်းစေခြင်း၊ မြန်မာ့မီးရထား၏ ဒုတိယဘဝသံသရာတံတားကို ဖြတ်သန်းစဉ် အဝေးဆီမှ တောင်တန်းများ၊ ကွင်းပြင်ကျယ်များကို ရှုမျှော်ခံစားနိုင်ခြင်း၊ ထီးသိမ်ဘူတာသို့ ရထားဆိုက်ရောက် ရပ်နားချိန်အတွင်း ဘူတာအထက်ဘက်ရှိရှုရပ်မှနေ၍ ထီးသိမ်အဝိုင်းပတ်နှင့် ဘဝသံသရာတံတားကို အပေါ်စီးမှနေ၍ ကြည့်ရှုနိုင်ခြင်း၊ အဝေးဆီမှ ထီးသိမ်ဘုရား၊ မြေပြိုဘုရားများကို ကြည်ညိုဖူးမြော်နိုင်ခြင်း၊ ရွှေညောင်ကန်နှင့် ကွင်းပြင်ကျယ်ကြီးများစသည့် တောင်တန်းနှင့် သဘာဝအလှအပရှုခင်းများကို ကြည့်ရှုခံစားနိုင်ခြင်းတို့ကြောင့် စိတ်လက်အေးချမ်းပျော်ရွှင်မှုကို ရရှိစေနိုင်ပြီး ခရီးသည်များအနေဖြင့် အထူးကြိုက်နှစ်သက်ကြကြောင်း သိရသည်။

နောင်တွင် အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ၌ အဆိုပါ တောင်ကြီး-ပေါမှူ အသွား၊အပြန် ခရီးစဉ်အတွက် အထက်ပါ သတ်မှတ်နှုန်းထားဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ခရီးသွားကုမ္ပဏီများ (Tour Company)၊ ခရီးသွားအေဂျင်စီများ၊ Private School စသည့် ဝန်ဆောင်မှုလုပ်ငန်းများက ရထားအဆိုင်းလိုက် (တစ်စီးလုံး) ငှားရမ်းလိုပါကလည်း စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၇ ရက် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၉၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အတွင်းရှိ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပြီး ပြန်လည်ရောက်ရှိ



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ကို သန်လျင်တပ်နယ်မှ ဗိုလ်မှူးချုပ်သိန်းထူး၊ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၇**

တပ်မတော် နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို နိုဝင်ဘာ ၁၈ ရက်မှ ဒီဇင်ဘာ ၆ ရက်ထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၂)ရေတပ်ဆိပ်ခံတံတား (သီလဝါ)သို့ ပြန်လည်ရောက်ရှိလာရာ သန်လျင်တပ်နယ်မှ ဗိုလ်မှူးချုပ်သိန်းထူး ဦးဆောင်သော တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ အထူးကုဆေးအဖွဲ့များသည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ် အနီးတစ်ဝိုက်ဒေသများ၊ ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့၊ ချောင်းဝကျေးရွာ၊ ကျုံကူးကျေးရွာအနီးဝန်းကျင်ကျေးရွာများ၊ ငရုတ်ကောင်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဆောင်ရွက်ပေးမှုအနေဖြင့် ဆေးကုသမှုဆိုင်ရာရောဂါ ၁၈၃၁ ဦး၊ ခွဲစိတ်ရောဂါ ၆၉၇ ဦး၊ သားဖွားမီးယပ်ရောဂါ ဦးရေ ၂၃၀၊ကလေးရောဂါ ၃၈၃ ဦး၊ အရိုးရောဂါ ၁၀၉၂ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ဦးရေ ၄၀၀၊ မျက်စိရောဂါ ၁၂၉၅ ဦး နှင့် သွားနှင့်ခံတွင်းရောဂါ ၉၄၄ ဦး စုစုပေါင်း ဒေသခံပြည်သူ ၆၈၃၆ ဦး တို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၈၈ ဦး၊ မျက်စိခွဲစိတ်လူနာ ၁၄၅ ဦးတို့ကို ဆေးရုံရေယာဉ်ပေါ်တွင် ခွဲစိတ်ကုသမှုများဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ဦးရေ ၁၆၀၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၈၃၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၆၃၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၆၆ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကာ ကိုယ်ဝန်ဆောင်မိခင် ငါးဦးကို အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော ဒေသခံပြည်သူ သုံးဦးတို့ကိုလည်း သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည် ၁၉ ကြိမ်မြောက်ဖြစ်ပြီး ဒေသခံပြည်သူ စုစုပေါင်း ၁၇၀၄၈၂ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့သည့် ခရီးစဉ်များအတွင်း ကိုယ်ဝန်ဆောင်မိခင် ၂၇ ဦးတို့ကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (မဝဓ)

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ဘိုကလေးမြို့နယ်သို့ ရောက်ရှိ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၇**

ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု) တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ဘိုကလေးမြို့နယ်သို့ ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ဘိုကလေးမြို့နယ် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေပြု၍ အဆိုပါမြို့နယ်နှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၃၃ ဦးကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာ ဆေးကုသမှုဆိုင်ရာရောဂါ ဦးရေ ၁၅၀၊ ခွဲစိတ်ရောဂါ ၂၄ ဦး၊ သားဖွားမီးယပ်ရောဂါ ၃၃ ဦး၊ ကလေးရောဂါ ၂၆ ဦး၊ အရိုးရောဂါ ဦးရေ ၁၀၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ဦးရေ ၄၀၊ မျက်စိရောဂါ ၁၁၇ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ လေးဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၇ ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၆ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၉ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည် -

"ကျွန်မနာမည် အိအိထွန်းပါ။ ကျွန်မက ဘိုကလေးမြို့ (၅)ရပ်ကွက်ကနေ လာပြခြင်းဖြစ်ပါတယ်။ သားဖွားမီးယပ်လာပြတာပါ။ ဆရာဝန်တွေက အစစအရာရာ အကုန်လုံးအဆင်ပြေအောင် လုပ်ပေးပါတယ်။ အခုလိုမြစ်တွင်းပေါ့နော် ရွှေပုဇွန်ရေယာဉ်ကနေ အခုလိုလာရောက်ကုသပေးတဲ့အတွက် ကျွန်မတို့ဒေသခံတွေအနေနဲ့ပေါ့နော် အရမ်းကိုကျေးဇူးတင်မိပါတယ်။ အခုလိုမျိုးလာရောက်ကုသပေးတဲ့အတွက် ကျွန်မတို့ ရန်ကုန်ကိုမသွားရဘဲနဲ့ ဒီမှာတင် အခမဲ့လာရောက်ကုသပေးတဲ့အတွက် ဆရာတို့ပါရဂူအဖွဲ့ကိုလဲ အရမ်းကိုကျေးဇူးတင်မိပါတယ်။ မြို့သူမြို့သားတွေကိုယ်စား ကျွန်မတို့က လှိုက်လှိုက်လှဲလှဲကို ကြိုဆိုပါတယ်လို့ ဆရာတို့ကို။အခွင့်အခါသင့်ရင် လာရောက်ပြီးတော့ ဒီလိုပဲ ဆေးကုသမှုတွေ အခမဲ့ ဒီလိုပေးပေးပါအုံးလို့ ကျေးဇူးတင်စကား ပြောချင်ပါတယ်" ဟု ပြောသည်။

"ကျွန်မနာမည်ကတော့ မရတနာမျိုး ဖြစ်ပါတယ်။ ကျွန်မကမျက်လုံးနဲ့ပတ်သက်ပြီးတော့ ခေါင်းလဲနည်းနည်းကိုက်တယ်၊ မျက်ရိုးတွေကိုက်တဲ့အတွက် ကြောင့်မို့လို့ ဒီမှာလာပြီးပြတဲ့ အခါမှာ ပါဝါပြန်ပြီးတော့စစ်မယ်။ ပြီးရင် မျက်စိအတွက် ဆေးတစ်ပတ် သောက်ရမယ်၊ သောက်ပြီးရင် ပါဝါပြန်စစ်တဲ့အခါမှာတော့ ပြန်ပြီးတော့ ကောင်းမွန်လာနိုင်တယ်။ ဒီအာရုံကြောအားနည်းတဲ့ပုံစံမျိုး ဖြစ်တယ်။ ပြီးရင် မျက်လုံးကတော့ ကောင်းတယ်၊ ပါဝါလေးပြန်စစ်လိုက်ရင် အဆင်ပြေသွားမယ်ဆိုပြီးတော့ ပြောပါတယ်။ အခုလိုမျိုးလာပြီး လှည့်လည်ပြီးတော့ အခမဲ့လာရောက်ကုသပေးတဲ့အတွက်ကြောင့်မို့လို့ ကျေးလက်နေပြည်သူတွေအနေနဲ့ကျတော့ ကျန်းမာရေးနဲ့ပတ်သက်တဲ့ အသိပညာအခွင့်အလမ်းတွေ အများကြီးရရှိနိုင်ပါတယ်။ ကလေးအထူးကု ဆရာဝန်ပါတယ်၊ ခွဲစိတ်အထူးကု ဆရာဝန်ပါတယ်၊ အရိုးအကြောနဲ့ပတ်သက်တာ၊ မျက်လုံး၊ အထွေထွေပြီးသွားလို့ရှိရင် အမျိုးသမီးတွေနဲ့ပတ်သက်ပြီးတော့ သားဖွားနဲ့မီးယပ်ဆရာဝန်တွေ အများကြီးလာတဲ့အတွက်ကြောင့်မို့လို့လဲ ဒေသခံတွေအနေနဲ့ကျတော့ အဲ့ဒါသူတို့ရဲ့ကျန်းမာရေးတွေကို ဆေးရုံဆေးခန်းတွေကို တကူးတကသွားရောက်စရာမလိုဘဲနဲ့ ဒီတစ်နေရာတည်းမှာ ကဏ္ဍပေါင်းစုံကို ကုသနိုင်တဲ့အတွက်ကြောင့်မို့လို့ သူတို့အတွက်လဲ အထောက်အကူတွေ အများကြီးဖြစ်ပါတယ်။ အခုလိုမျိုးလာရောက်ကုသပေးတဲ့ ဒီနယ်လှည့်ဆေးကုသရေးအဖွဲ့(ရွှေပုဇွန်)နဲ့ ဆရာကြီးတွေအားလုံးကို ကျေးဇူးတင်ရှိပါတယ်။ ကျွန်မတို့ ဘိုကလေးမြို့လေးကိုလာပြီးတော့ ဒီလိုမျိုးကုသပေးတဲ့အတွက်ကြောင့်မို့လို့ ဒီကျေးလက်နေပြည်သူတွေရဲ့ ကျန်းမာရေးအခွင့်အလမ်းတွေအများကြီး ရရှိအောင်ပြုလုပ်ပေးတဲ့အတွက်လဲ ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။ (မဝဓ)






**ထူးခြားသည့် ညအပူချိန်များ (၇-၁၂-၂၀၂၅)**

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ပူတာအို | ၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | ပြင်ဦးလွင် | ၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဟားခါး | ၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | ဟဲဟိုး | ၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | ခန္တီး | ၉ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် | မချမ်းဘော့ | ၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | ဟုမ္မလင်း | ၁၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | ပင်လောင်း | ၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | မိုးညှင်း | ၁၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် အဆောက်အအုံ ၁၂ လုံး ထပ်မံဖြိုချဖျက်ဆီး




**နေပြည်တော် ဒီဇင်ဘာ ၇**

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိတရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေ အတွင်းရှိ တရားမဝင် လေးထပ်အဆောက်အအုံ နှစ်လုံးနှင့် နှစ်ထပ်အဆောက်အအုံ ၁၀ လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ၁၂ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၃၃၃ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာ ၁၈ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့ထိစစ်ဆေးခဲ့သည့် အဆောက်အအုံ ၆၉၄ လုံးအနက် အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် အဆောက်အအုံ ၁၆၉ လုံးကို စစ်ဆေးတွေ့ရှိရပြီး အဆိုပါ အဆောက်အအုံများကို ပြန်လည်အသုံးချမှုမရှိစေရေးအတွက် ချိပ်ပိတ်သိမ်းဆည်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့ထိ ၁၆၁ လုံးကို ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့ရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများကို ထပ်မံအသုံးပြုမှုမရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ အဆိုပါ နယ်မြေများရှိ ဖမ်းဆီးထိန်းသိမ်းထားရှိသည့် တရားမဝင် ပြည်ပနိုင်ငံသားများကို တရားမဝင်ပြည်ပနိုင်ငံသား စစ်ဆေးရေးအဖွဲ့က စစ်ဆေး၍ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)


KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ် လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။


KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် လေးထပ်တိုက်အမှတ် A 1 လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။


အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်ရာတွင် အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများ မီးရှို့ဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံ။

# ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်း ထုတ်ပြန်ကြေညာ

**ယမန်နေ့ ကြေညာချက်အမှတ်(၁၅၇/၂၀၂၅)မှအဆက်**

၁၈။ ဖောင်းတောကြီးကျေးရွာအုပ်စု၊
၁၉။ ကလစ်ကြီးကျေးရွာအုပ်စု၊
၂၀။ ဆင်ဖြူတိုင်ကျေးရွာအုပ်စု။

၃။ **ဘုတ်ပြင်းမြို့နယ်**
၁။ စတိန်ကျေးရွာအုပ်စု၊
၂။ ရေငံကြီးကျေးရွာအုပ်စု၊
၃။ ဘုန်ခွန်းကျေးရွာအုပ်စု၊
၄။ မနိုးရုံးကျေးရွာအုပ်စု၊
၅။ ကော့ဘွတ်ကျေးရွာအုပ်စု၊
၆။ ထောင်ရိုက်ကျေးရွာအုပ်စု၊
၇။ ချောင်းကဖက်ကျေးရွာအုပ်စု၊
၈။ ထောင်ငါးသိုင်း(ခေါ်)ကျောက်တန်း ကျေးရွာအုပ်စု၊
၉။ ဘန်ဂလားကျေးရွာအုပ်စု။

**အပိုင်း ( ၂ )**

**စဉ် မြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု**

၁။ **ရေဖြူမြို့နယ်**
၁။ ပုလဲကူကျေးရွာအုပ်စု၊
၂။ ရလိုင်ကျေးရွာအုပ်စု၊
၃။ ပုဂေါ်ခွန်းကျေးရွာအုပ်စု၊
၄။ နတ်တွင်းကျေးရွာအုပ်စု၊
၅။ သစ်တိုထောင့်ကျေးရွာအုပ်စု၊
၆။ ညင်းထွေးကျေးရွာအုပ်စု၊
၇။ ပိန်းရှောင်ကျေးရွာအုပ်စု၊
၈။ ဥသဃရုံကျေးရွာအုပ်စု၊
၉။ ကျောက်ထောင့်ကျေးရွာအုပ်စု၊
၁၀။ ဂန်ဖို့ကျေးရွာအုပ်စု၊
၁၁။ နဘုလယ်ကျေးရွာအုပ်စု၊
၁၂။ လဲရှောင်ကျေးရွာအုပ်စု၊
၁၃။ ဧကေနိကျေးရွာအုပ်စု၊
၁၄။ ပရဒတ်ကျေးရွာအုပ်စု၊
၁၅။ မူးဒူးကျေးရွာအုပ်စု၊
၁၆။ ဇာဒီကျေးရွာအုပ်စု၊
၁၇။ ဖောင်းတောကျေးရွာအုပ်စု၊
၁၈။ အိန္ဒရာဇာကျေးရွာအုပ်စု၊
၁၉။ နတ်ကြီးစင်ကျေးရွာအုပ်စု၊
၂၀။ ဖားချောင်းကျေးရွာအုပ်စု၊
၂၁။ နှမ်းကြဲကျေးရွာအုပ်စု၊
၂၂။ ကရင်ရှင်တဘီကျေးရွာအုပ်စု၊
၂၃။ ကျောက်ရှပ်ကျေးရွာအုပ်စု၊
၂၄။ ဇင်းဘာကျေးရွာအုပ်စု၊
၂၅။ မိကျောင်းလှောင်းကျေးရွာအုပ်စု၊
၂၆။ လေ့သိုင်းကျေးရွာအုပ်စု။

၂။ **ကျွန်းစုမြို့နယ်**
၁။ ကော်ဇယာကျေးရွာအုပ်စု။

၃။ **တနသ်ာရီမြို့နယ်**
၁။ မြို့မရပ်ကွက်(မောတောင်မြို့)၊
၂။ အမှတ်(၁)ရပ်ကွက်(မောတောင်မြို့)၊
၃။ အမှတ်(၂)ရပ်ကွက်(မောတောင်မြို့)၊
၄။ ပဂကျေးရွာအုပ်စု၊
၅။ အနောက်မော်တုံးကျေးရွာအုပ်စု၊
၆။ လယ်သစ်ကျေးရွာအုပ်စု၊
၇။ ဘန်းလမွတ်ကျေးရွာအုပ်စု၊
၈။ သိန်ခွန်းကျေးရွာအုပ်စု၊
၉။ ချောင်းလမုကျေးရွာအုပ်စု၊
၁၀။ အမှတ်(၉)ကျေးရွာအုပ်စု၊
၁၁။ ကျောက်တလုံးကျေးရွာအုပ်စု၊
၁၂။ သာရဖုံကျေးရွာအုပ်စု၊
၁၃။ သိန္ဒွေကျေးရွာအုပ်စု၊
၁၄။ ဘန်လောကျေးရွာအုပ်စု၊
၁၅။ တကူကျေးရွာအုပ်စု၊
၁၆။ သကျက်ကျေးရွာအုပ်စု၊
၁၇။ ကော့မပြင်းကျေးရွာအုပ်စု၊
၁၈။ သဘော်ဦးကျေးရွာအုပ်စု၊
၁၉။ သာရဘွင်ကျေးရွာအုပ်စု။

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

---

**ယမန်နေ့ ကြေညာချက်အမှတ်(၁၅၈/၂၀၂၅)မှအဆက်**

၃။ ကြို့ပင်သာကျေးရွာအုပ်စု၊
၄။ ခမွှငယ်ကျေးရွာအုပ်စု၊
၅။ စမ်းချောင်းကျေးရွာအုပ်စု၊
၆။ တင်ပြင်ခွေကျေးရွာအုပ်စု၊
၇။ စောင်းဂုက်ကျေးရွာအုပ်စု၊
၈။ လက်ပံပင်စုကျေးရွာအုပ်စု၊
၉။ ဆီဆုံကုန်းကျေးရွာအုပ်စု၊
၁၀။ ဖလံပင်ကျေးရွာအုပ်စု၊
၁၁။ သာစည်ကျေးရွာအုပ်စု၊
၁၂။ ချောင်းကမ်းကြီးကျေးရွာအုပ်စု၊
၁၃။ လယ်သားကျေးရွာအုပ်စု၊
၁၄။ ကျောက်ခွက်ကျေးရွာအုပ်စု၊
၁၅။ လယ်မအင်းကျေးရွာအုပ်စု၊
၁၆။ ပျဉ်ပုံကျေးရွာအုပ်စု၊
၁၇။ အောင်ရတနာကျေးရွာအုပ်စု၊
၁၈။ အောင်သာယာကျေးရွာအုပ်စု၊
၁၉။ အောင်မြန်မာ(၂)ကျေးရွာအုပ်စု၊
၂၀။ အောင်ဇေယျာကျေးရွာအုပ်စု၊
၂၁။ ပျဉ်းမခေါင်ကျေးရွာအုပ်စု၊
၂၂။ အောင်မြန်မာ(၁)ကျေးရွာအုပ်စု။

၄။ **လက်ပံတန်းမြို့နယ်**
၁။ ရေငံကျေးရွာအုပ်စု၊
၂။ ဝါးရုံပင်ဇင်ကျေးရွာအုပ်စု၊
၃။ မှော်အင်းကျေးရွာအုပ်စု၊
၄။ ပုတိမ်စုကျေးရွာအုပ်စု။

**အပိုင်း ( ၂ )**

**စဉ် မြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု**

၁။ **ရွှေကျင်မြို့နယ်**
၁။ ညောင်ချထောက်ကျေးရွာအုပ်စု၊
၂။ ကွမ်းဆိပ်ကျေးရွာအုပ်စု၊
၃။ ဆုံကုန်းကျေးရွာအုပ်စု၊
၄။ ကံဘေးအိုင်ကျေးရွာအုပ်စု၊
၅။ သရက်ချောင်းကျေးရွာအုပ်စု၊
၆။ အင်္ဂနီကျေးရွာအုပ်စု၊
၇။ သံဆိပ်ကျေးရွာအုပ်စု၊
၈။ မအူပင်ကျေးရွာအုပ်စု၊
၉။ ပဒဲကောကျေးရွာအုပ်စု၊
၁၀။ မဘီးကျေးရွာအုပ်စု၊
၁၁။ ဟသ်ာဝဲကျေးရွာအုပ်စု၊
၁၂။ ဒလဆိပ်ကျေးရွာအုပ်စု၊
၁၃။ အင်းဗလာကျေးရွာအုပ်စု၊
၁၄။ ဝိုင်ကျွန်းကျေးရွာအုပ်စု၊
၁၅။ ညောင်ပင်ကြီးကျေးရွာအုပ်စု၊
၁၆။ သက္ကယ်ကုန်းကျေးရွာအုပ်စု၊
၁၇။ ထောင်လောင်ကျေးရွာအုပ်စု၊
၁၈။ ဘောကထာကျေးရွာအုပ်စု၊
၁၉။ စော်ပဲဒိုးကျေးရွာအုပ်စု၊
၂၀။ လဲဝါကျေးရွာအုပ်စု၊
၂၁။ အထက်မဲဇောင်းကျေးရွာအုပ်စု၊
၂၂။ ဆင်ဖြူအိုင်ကျေးရွာအုပ်စု၊
၂၃။ ခူလာကျေးရွာအုပ်စု၊
၂၄။ အောက်မဲဇောင်းကျေးရွာအုပ်စု၊
၂၅။ ထီးကလေးကျေးရွာအုပ်စု၊
၂၆။ စက်လှည့်ကျေးရွာအုပ်စု၊
၂၇။ ထီးသဖြူကျေးရွာအုပ်စု၊
၂၈။ ဘုရားကလေးကျေးရွာအုပ်စု၊
၂၉။ မာရောခိုကျေးရွာအုပ်စု၊
၃၀။ ကွန်ဖွဲ့ကျေးရွာအုပ်စု၊
၃၁။ မဲတိုင်ဝကျေးရွာအုပ်စု၊
၃၂။ လဲရပ်ကျေးရွာအုပ်စု၊
၃၃။ စလူးချောင်းကျေးရွာအုပ်စု၊
၃၄။ မဲဝိုင်ကျေးရွာအုပ်စု၊
၃၅။ ကျုံချောင်(အထက်)ကျေးရွာအုပ်စု၊
၃၆။ ကမော့ထော်ကျေးရွာအုပ်စု၊
၃၇။ မဲလေ့(အထက်)ကျေးရွာအုပ်စု၊
၃၈။ ဥပုဒ်ချောင်းကျေးရွာအုပ်စု၊
၃၉။ မဲရစ်ကျေးရွာအုပ်စု၊
၄၀။ မဲဖောင်ဝကျေးရွာအုပ်စု၊
၄၁။ ကျားချောင်းကျေးရွာအုပ်စု၊
၄၂။ ဒူးရင်ပင်ကျေးရွာအုပ်စု၊
၄၃။ မဲသနက်(အောက်)ကျေးရွာအုပ်စု၊
၄၄။ မဲကဒီးကျေးရွာအုပ်စု၊
၄၅။ မိုးသပြုကျေးရွာအုပ်စု၊
၄၆။ ထီးညာဏကျေးရွာအုပ်စု၊
၄၇။ ကျုံပကူးဖျားကျေးရွာအုပ်စု၊
၄၈။ ရဲသောင်ကျေးရွာအုပ်စု၊
၄၉။ ထီးဖလို(ရေပူ)ကျေးရွာအုပ်စု၊
၅၀။ တာတူးလော့ကျေးရွာအုပ်စု၊
၅၁။ ဒူးရင်းပင်ကျေးရွာအုပ်စု၊
၅၂။ ရှမ်းစုကျေးရွာအုပ်စု၊
၅၃။ မဲသောင်ကျေးရွာအုပ်စု။

၂။ **ထန်းတပင်မြို့နယ်**
၁။ ရေကျော်ကျေးရွာအုပ်စု၊
၂။ ချောင်းဝကျေးရွာအုပ်စု၊
၃။ ခြံကြီးကျေးရွာအုပ်စု၊
၄။ ရှားစေးဘိုကျေးရွာအုပ်စု၊
၅။ ပျဉ်ဂန်းကျေးရွာအုပ်စု၊
၆။ နတ်ရွာကျေးရွာအုပ်စု၊
၇။ ကျီတော်ကျေးရွာအုပ်စု၊
၈။ အင်းယားကြီးကျေးရွာအုပ်စု၊
၉။ ပွဲသာကျေးရွာအုပ်စု၊
၁၀။ ဇီးဖြူသောင်ကျေးရွာအုပ်စု၊
၁၁။ ကင်မွန်းခြံကျေးရွာအုပ်စု၊
၁၂။ ဒါးဒေါက်ကျေးရွာအုပ်စု၊
၁၃။ အင်းကျော်ကျေးရွာအုပ်စု၊
၁၄။ ကြို့ပင်သာကျေးရွာအုပ်စု၊
၁၅။ သရက်တန်းကျေးရွာအုပ်စု၊
၁၆။ လှည်းလမ်းကူးကျေးရွာအုပ်စု၊
၁၇။ တလိုင်းအိုင်ကျေးရွာအုပ်စု၊
၁၈။ မဲဘလန်ကျေးရွာအုပ်စု၊
၁၉။ လေးသစ်ကျေးရွာအုပ်စု၊
၂၀။ မိုးကောင်းကျေးရွာအုပ်စု၊
၂၁။ မြို့ဆိုးကျေးရွာအုပ်စု၊
၂၂။ စပါးကျီကျေးရွာအုပ်စု၊
၂၃။ ကြိမ်တောမြောင်ကျေးရွာအုပ်စု၊
၂၄။ ငါးဆီးလောင်ကျေးရွာအုပ်စု၊
၂၅။ ဇလုပ်ကြီးကျေးရွာအုပ်စု။

၃။ **ရေတာရှည်မြို့နယ်**
၁။ ကဲလင်းဆိပ်ကျေးရွာအုပ်စု၊
၂။ မိချောင်းအိုင်ကျေးရွာအုပ်စု၊
၃။ စီပိုင်းကျေးရွာအုပ်စု၊
၄။ ကျိပ်ပတီးကျေးရွာအုပ်စု၊
၅။ ပိတောက်ကုန်းကျေးရွာအုပ်စု၊
၆။ နကျပ်ကျေးရွာအုပ်စု၊
၇။ စကွေး(မရိုးခုံ)ကျေးရွာအုပ်စု၊
၈။ ရေငန်းကျေးရွာအုပ်စု၊
၉။ (စိုင်း)ဘုရားကုန်းကျေးရွာအုပ်စု၊
၁၀။ သစ်ပုတ်ပင်ကျေးရွာအုပ်စု၊
၁၁။ ဆံတော်ပို့ကျေးရွာအုပ်စု၊
၁၂။ လုံးရမ်းကျေးရွာအုပ်စု၊
၁၃။ အုတ်ဖိုကျေးရွာအုပ်စု၊
၁၄။ ချောင်းမကြီးကျေးရွာအုပ်စု၊
၁၅။ ကြာအင်းကုန်းကျေးရွာအုပ်စု၊
၁၆။ ဒေါင့်အင်းကုန်းကျေးရွာအုပ်စု၊
၁၇။ ရဲကုန်းကျေးရွာအုပ်စု၊
၁၈။ ဘုရားကုန်း(မြို့လှ)ကျေးရွာအုပ်စု။

၄။ **ပေါင်းတည်မြို့နယ်**
၁။ သစ်ပုတ်ကျေးရွာအုပ်စု၊
၂။ ပြန်ချီတက်ကျေးရွာအုပ်စု၊
၃။ ညောင်နီပင်ကျေးရွာအုပ်စု၊
၄။ ကိုင်းကွင်းကျေးရွာအုပ်စု၊
၅။ ကျောက်တံခါးကျေးရွာအုပ်စု၊
၆။ သိမ်ကုန်းကျေးရွာအုပ်စု၊
၇။ ကြာနီကန်ကျေးရွာအုပ်စု၊
၈။ မကြီးစမ်းကျေးရွာအုပ်စု၊
၉။ ဇီးပင်လှကျေးရွာအုပ်စု၊
၁၀။ ရွာသစ်ကြီးကျေးရွာအုပ်စု၊
၁၁။ မဲခေါင်းကျေးရွာအုပ်စု၊
၁၂။ ထန်းတပင်ကျေးရွာအုပ်စု၊
၁၃။ ကြို့ကုန်း(တောင်ပေါ်)ကျေးရွာအုပ်စု။

၅။ **ပေါက်ခေါင်းမြို့နယ်**
၁။ ပေါင်းစပါးကျေးရွာအုပ်စု၊
၂။ ညောင်ပင်သာကျေးရွာအုပ်စု၊
၃။ ထုံးတောင်ကျေးရွာအုပ်စု၊
၄။ အရှေ့ကြို့ကုန်းကျေးရွာအုပ်စု၊

**စာမျက်နှာ ၂၃ သို့**

စာမျက်နှာ ၂၂ မှအဆက်

၅။ လှည်းကူးကျေးရွာအုပ်စု၊
၆။ တောင်လက်ကြီးကျေးရွာအုပ်စု၊
၇။ တောင်လည်ကျေးရွာအုပ်စု၊
၈။ ညောင်ဝန်းကျေးရွာအုပ်စု၊
၉။ အရှေ့မကွေကျေးရွာအုပ်စု၊
၁၀။ တောင်ရွှေလောင်းကျေးရွာအုပ်စု၊
၁၁။ ချောင်းဖြောင့်ကျေးရွာအုပ်စု၊
၁၂။ ချောင်းကောင်းကျေးရွာအုပ်စု၊
၁၃။ သပြေတောင်ကျေးရွာအုပ်စု၊
၁၄။ သစ်ရောင်းပြန်ကျေးရွာအုပ်စု၊
၁၅။ ကြို့ပင်ဝိုင်းကျေးရွာအုပ်စု၊
၁၆။ သဖန်းကိုင်းကျေးရွာအုပ်စု၊
၁၇။ ရွာရှည်ကျေးရွာအုပ်စု၊
၁၈။ အနောက်ကြို့ကုန်းကျေးရွာအုပ်စု၊
၁၉။ ကျွဲကလေးစမ်းကျေးရွာအုပ်စု၊
၂၀။ မြောက်ရွှေလောင်းကျေးရွာအုပ်စု၊
၂၁။ လေသာတောင်ကြီးကျေးရွာအုပ်စု၊
၂၂။ သစ်ပုတ်ကျေးရွာအုပ်စု၊
၂၃။ ကြျုဝတ်ကျေးရွာအုပ်စု၊
၂၄။ စမ်းမြိုင်အေးကျေးရွာအုပ်စု၊
၂၅။ မကြီးခုံကျေးရွာအုပ်စု၊
၂၆။ နွားမျောကျေးရွာအုပ်စု၊
၂၇။ ဆင်ခေါင်းကျေးရွာအုပ်စု၊
၂၈။ သစ်ဆိမ့်ပင်ကျေးရွာအုပ်စု၊
၂၉။ ဒီးဒုတ်ကျေးရွာအုပ်စု၊
၃၀။ ရွှေတောင်ငွေတောင်ကျေးရွာအုပ်စု။

**၆။ မင်းလှမြို့နယ်**

၁။ စမ်းတောင်ကွေ့ကျေးရွာအုပ်စု၊
၂။ ခွက်မကျေးရွာအုပ်စု၊
၃။ စမ်းဘုတ်ကျေးရွာအုပ်စု၊
၄။ ဦးတိုကညင်ပင်ကျေးရွာအုပ်စု၊
၅။ စီကုန်းကျေးရွာအုပ်စု၊
၆။ ရွေးကုန်းကျေးရွာအုပ်စု၊
၇။ ထောက်ကြန့်ကျေးရွာအုပ်စု၊
၈။ ကျောင်းရွာကျေးရွာအုပ်စု၊
၉။ ဂန့်ဂေါ်ပင်ကျေးရွာအုပ်စု။

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

---

**ယမန်နေ့ ကြေညာချက်အမှတ်(၁၅၉/၂၀၂၅)မှအဆက်**

၂၈။ ညောင်ဇင်ကျေးရွာအုပ်စု၊
၂၉။ နရွဲတောကျေးရွာအုပ်စု၊
၃၀။ ဆယ်ကန်ကျေးရွာအုပ်စု၊
၃၁။ လင်းတကိုင်းကျေးရွာအုပ်စု၊
၃၂။ ငွေးပင်ကြီးကျေးရွာအုပ်စု၊
၃၃။ ထိန်စမ်းကျေးရွာအုပ်စု၊
၃၄။ သလုံးသွေးကျေးရွာအုပ်စု၊
၃၅။ တွင်းလပ်ကျေးရွာအုပ်စု၊
၃၆။ ကြို့ပင်ကျေးရွာအုပ်စု၊
၃၇။ ထိန်ကန်ကျေးရွာအုပ်စု၊
၃၈။ အုံမြှားကြီးကျေးရွာအုပ်စု၊
၃၉။ ကျောက်တန်းကျေးရွာအုပ်စု၊
၄၀။ ဇီးပွါးကျေးရွာအုပ်စု၊
၄၁။ သစ်တိုကန်ကျေးရွာအုပ်စု၊
၄၂။ ကျွဲတပ်ကျေးရွာအုပ်စု၊
၄၃။ ဩဇာတောကျေးရွာအုပ်စု၊
၄၄။ ဆားတောင်ကျေးရွာအုပ်စု၊
၄၅။ မကျီးကန်ကျေးရွာအုပ်စု။

**၂။ ရေနံချောင်းမြို့နယ်**

၁။ သုံးဆယ့်ခြောက်ကျေးရွာအုပ်စု၊
၂။ ကျန်းကိုင်ကျွန်းကျေးရွာအုပ်စု၊
၃။ မာန်မြေကျေးရွာအုပ်စု၊
၄။ ပင်းဝကျေးရွာအုပ်စု၊
၅။ အရှေ့ကုန်းကျေးရွာအုပ်စု၊
၆။ ကမ္မကျေးရွာအုပ်စု၊
၇။ ဖိုးကိုးကျေးရွာအုပ်စု၊
၈။ စိန်ပန်းပင်ကျေးရွာအုပ်စု၊
၉။ ရွှေတုတ်ကန်ကျေးရွာအုပ်စု၊
၁၀။ မကြီးကန်ကျေးရွာအုပ်စု၊
၁၁။ ကုက္ကိုခွကျေးရွာအုပ်စု၊
၁၂။ အုတ်ရှစ်ကုန်းကျေးရွာအုပ်စု၊
၁၃။ စခန်းကန်ကျေးရွာအုပ်စု၊
၁၄။ လေးတိုင်စင်ကျေးရွာအုပ်စု၊
၁၅။ ဖောင်းကွဲကျေးရွာအုပ်စု၊
၁၆။ ချိုင်းကျေးရွာအုပ်စု၊
၁၇။ အင်တောကျေးရွာအုပ်စု၊
၁၈။ ရုံးကုန်းကျေးရွာအုပ်စု၊
၁၉။ ညောင်ပင်အိုင့်ကျေးရွာအုပ်စု၊
၂၀။ နဂါးကျေးရွာအုပ်စု၊
၂၁။ ချောင်းဆုံကျေးရွာအုပ်စု၊
၂၂။ ဝက်လွတ်ကျေးရွာအုပ်စု၊
၂၃။ ရုံးဆိပ်ကျွန်းကျေးရွာအုပ်စု၊
၂၄။ ကန်ကြီးကျေးရွာအုပ်စု။

**၃။ ပခုက္ကူမြို့နယ်**

၁။ အမှတ်(၁)ရပ်ကွက်(ကမ္မမြို့)၊
၂။ အမှတ်(၂)ရပ်ကွက်(ကမ္မမြို့)၊
၃။ အမှတ်(၃)ရပ်ကွက်(ကမ္မမြို့)၊
၄။ အမှတ်(၄)ရပ်ကွက်(ကမ္မမြို့)၊
၅။ အမှတ်(၅)ရပ်ကွက်(ကမ္မမြို့)၊
၆။ အမှတ်(၆)ရပ်ကွက်(ကမ္မမြို့)၊
၇။ အမှတ်(၇)ရပ်ကွက်(ကမ္မမြို့)၊
၈။ အမှတ်(၈)ရပ်ကွက်(ကမ္မမြို့)၊
၉။ အမှတ်(၉)ရပ်ကွက်(ကမ္မမြို့)၊
၁၀။ အမှတ်(၁၀)ရပ်ကွက်(ကမ္မမြို့)၊
၁၁။ အမှတ်(၁၁)ရပ်ကွက်(ကမ္မမြို့)၊
၁၂။ အမှတ်(၁၂)ရပ်ကွက်(ကမ္မမြို့)၊
၁၃။ အမှတ်(၁)ရပ်ကွက်(မြစ်ခြေမြို့)၊
၁၄။ အမှတ်(၂)ရပ်ကွက်(မြစ်ခြေမြို့)၊
၁၅။ အမှတ်(၃)ရပ်ကွက်(မြစ်ခြေမြို့)၊
၁၆။ အမှတ်(၄)ရပ်ကွက်(မြစ်ခြေမြို့)၊
၁၇။ အမှတ်(၅)ရပ်ကွက်(မြစ်ခြေမြို့)၊
၁၈။ အမှတ်(၆)ရပ်ကွက်(မြစ်ခြေမြို့)၊
၁၉။ အမှတ်(၇)ရပ်ကွက်(မြစ်ခြေမြို့)၊
၂၀။ အမှတ်(၈)ရပ်ကွက်(မြစ်ခြေမြို့)၊
၂၁။ ကန်တော်ကျေးရွာအုပ်စု၊
၂၂။ ကန်လှကျေးရွာအုပ်စု၊
၂၃။ မကျီးသုံးပင်ကျေးရွာအုပ်စု၊
၂၄။ ကိုင်းကျေးရွာအုပ်စု၊
၂၅။ ကံရပ်ကြီးကျေးရွာအုပ်စု၊
၂၆။ ကူကျေးရွာအုပ်စု၊
၂၇။ ကွန်းကျေးရွာအုပ်စု၊
၂၈။ ကြီးကျေးရွာအုပ်စု၊
၂၉။ ကြားကျွန်း(ကျွန်းကလေး)ကျေးရွာအုပ်စု၊
၃၀။ ကျွန်းညိုကြီးကျေးရွာအုပ်စု၊
၃၁။ အရှေ့ကမ်းဖြူကျေးရွာအုပ်စု၊
၃၂။ ချိုင်ကျေးရွာအုပ်စု၊
၃၃။ ကျထိုးကျေးရွာအုပ်စု၊
၃၄။ ချိုက်ကျေးရွာအုပ်စု၊
၃၅။ ဂဝံလေးတိုင်ကျေးရွာအုပ်စု၊
၃၆။ စဘောကျေးရွာအုပ်စု၊
၃၇။ စညောင်းကျေးရွာအုပ်စု၊
၃၈။ ဆိက္ခဝကျေးရွာအုပ်စု၊
၃၉။ ရေလဲဇီးတောကျေးရွာအုပ်စု၊
၄၀။ ညောင်ပင်ကျေးရွာအုပ်စု၊
၄၁။ ညောင်ပင်လှကျေးရွာအုပ်စု၊
၄၂။ ညောင်လှကျေးရွာအုပ်စု၊
၄၃။ တင်းဂါတ်ကျေးရွာအုပ်စု၊
၄၄။ ဒွဲပြားကျေးရွာအုပ်စု၊
၄၅။ နတ်ကျွန်းကျေးရွာအုပ်စု၊
၄၆။ ပန်းတိုင်းခြံကျေးရွာအုပ်စု၊
၄၇။ ပခုက္ကူကျွန်းကျေးရွာအုပ်စု၊
၄၈။ ပေါက်တောကျေးရွာအုပ်စု၊
၄၉။ ဖလံအိုကျေးရွာအုပ်စု၊
၅၀။ ရှင်မကန်ကျေးရွာအုပ်စု၊
၅၁။ ဖေါင်းကွဲကျေးရွာအုပ်စု၊
၅၂။ ဘဲကျေးရွာအုပ်စု၊
၅၃။ မကျီးပင်ပုကျေးရွာအုပ်စု၊
၅၄။ အနောက်မကျီးကန်ကျေးရွာအုပ်စု၊
၅၅။ မြင်းကျွန်းကျေးရွာအုပ်စု၊
၅၆။ မယ်ဇလီပင်ကုန်းကျေးရွာအုပ်စု၊
၅၇။ မြင်းဝင်းကျေးရွာအုပ်စု၊
၅၈။ ရေချိုကျေးရွာအုပ်စု၊
၅၉။ မြို့ခင်းသာကျေးရွာအုပ်စု၊
၆၀။ မြစ်ဖျားကျေးရွာအုပ်စု၊
၆၁။ မြို့စိုးကျေးရွာအုပ်စု၊
၆၂။ ရှားပင်ကိုင်းကျေးရွာအုပ်စု၊
၆၃။ ရှားပင်ကျေးရွာအုပ်စု၊
၆၄။ ရှားဒူးကျေးရွာအုပ်စု၊
၆၅။ ရွှေဒါးကျေးရွာအုပ်စု၊
၆၆။ ရေလာကျေးရွာအုပ်စု၊
၆၇။ ရေမျက်ကျေးရွာအုပ်စု၊
၆၈။ လက်ပံကျွန်း(ကူကျွန်း)ကျေးရွာအုပ်စု၊
၆၉။ သရက်တောကျေးရွာအုပ်စု။

**၄။ တောင်တွင်းကြီးမြို့နယ်**

၁။ လက်ပန်ဘုကျေးရွာအုပ်စု၊
၂။ ယာကြီးတောကျေးရွာအုပ်စု၊
၃။ လျှံကံကြီးကုန်းကျေးရွာအုပ်စု၊
၄။ တိုက်ပွဲကျေးရွာအုပ်စု၊
၅။ ဂုံညင်းတန်းကျေးရွာအုပ်စု၊
၆။ ပေပင်ယားကျေးရွာအုပ်စု၊
၇။ ရေတွင်းကောင်းကျေးရွာအုပ်စု၊
၈။ လက်တက်ကျေးရွာအုပ်စု၊
၉။ ညာတောကျေးရွာအုပ်စု၊
၁၀။ ကန်သာကျေးရွာအုပ်စု၊
၁၁။ ကြက်လျှာကျေးရွာအုပ်စု၊
၁၂။ မှုတ်ရှည်ကျေးရွာအုပ်စု၊
၁၃။ လိပ်တိုက်ကျေးရွာအုပ်စု၊
၁၄။ ဝါးသုံးပြုးကျေးရွာအုပ်စု၊
၁၅။ ကြို့ချောင်းကျေးရွာအုပ်စု၊
၁၆။ တောင်လျှောင်းကျေးရွာအုပ်စု၊
၁၇။ ပတ်လည်ကြီးကျေးရွာအုပ်စု၊
၁၈။ အိုးပေါက်ကျေးရွာအုပ်စု၊
၁၉။ ကုလားမကျေးရွာအုပ်စု။

**၅။ ပွင့်ဖြူမြို့နယ်**

၁။ မဲဇလီကျေးရွာအုပ်စု၊
၂။ ဆင်လူးမြောက်ကျေးရွာအုပ်စု၊
၃။ မဒဲကျေးရွာအုပ်စု၊
၄။ ကနီကျေးရွာအုပ်စု၊
၅။ ကျောင်းကုန်းကျေးရွာအုပ်စု၊
၆။ ချောင်းဆုံကျေးရွာအုပ်စု၊
၇။ ရေပုတ်ကြီးကျေးရွာအုပ်စု၊
၈။ ရေပုတ်ကလေးကျေးရွာအုပ်စု၊
၉။ သမန်းရင်းကျေးရွာအုပ်စု၊
၁၀။ ပြည်လုံးကျော်ကျေးရွာအုပ်စု၊
၁၁။ အနောက်လေးအိမ်ကျေးရွာအုပ်စု၊
၁၂။ ဆည်တော်ကျေးရွာအုပ်စု၊
၁၃။ ကြျုဝန်းကျေးရွာအုပ်စု၊
၁၄။ ဖလံကျင်းကျေးရွာအုပ်စု၊
၁၅။ ကျွဲတံခါးကျေးရွာအုပ်စု၊
၁၆။ မုန်းဇလဲကျေးရွာအုပ်စု၊
၁၇။ ဆည်မုန်းကျေးရွာအုပ်စု။

**၆။ မင်းဘူးမြို့နယ်**

၁။ သနပ်ပင်စုကျေးရွာအုပ်စု၊
၂။ အိုင်းမကျေးရွာအုပ်စု၊
၃။ ခွန်သာကျေးရွာအုပ်စု၊
၄။ မြောင်းဦးကျေးရွာအုပ်စု၊
၅။ ကိုင်းမကြီးကျေးရွာအုပ်စု၊
၆။ ဥယျာဉ်ကျေးရွာအုပ်စု၊
၇။ ဘုရားကျေးရွာအုပ်စု၊
၈။ ပေါင်းကျေးရွာအုပ်စု၊
၉။ ကသက်ကျေးရွာအုပ်စု၊
၁၀။ ကြီးကန်ကျေးရွာအုပ်စု၊
၁၁။ ဖြူကုန်းကျေးရွာအုပ်စု၊
၁၂။ မင်းကျေးရွာအုပ်စု၊
၁၃။ ရွှေကြောင်းကျေးရွာအုပ်စု၊
၁၄။ အင်ပင်လှ(စကော)ကျေးရွာအုပ်စု၊
၁၅။ ပေကုန်းကျေးရွာအုပ်စု၊
၁၆။ ပန်းလွှားကျေးရွာအုပ်စု၊
၁၇။ ကဘဲ့မကျီးချောင်းကျေးရွာအုပ်စု။

**၇။ သရက်မြို့နယ်**

၁။ ရွှေပန်းကိုင်းကျေးရွာအုပ်စု၊
၂။ အလပ်လယ်ကျေးရွာအုပ်စု၊
၃။ ဂုမ္ဗဏီကျေးရွာအုပ်စု၊
၄။ တပ်ကျေးရွာအုပ်စု၊
၅။ ညောင်ရွာငယ်ကျေးရွာအုပ်စု၊
၆။ အုန်းမွန်းတောကျေးရွာအုပ်စု၊
၇။ ပွန်းကြီးကျေးရွာအုပ်စု၊
၈။ ထီးရိုးကျေးရွာအုပ်စု၊
၉။ မိုးနတ်ကုန်းကျေးရွာအုပ်စု၊
၁၀။ စမ်းလယ်ကျေးရွာအုပ်စု၊
၁၁။ အင်းလယ်ကျေးရွာအုပ်စု၊

စာမျက်နှာ ၂၄ သို့

စာမျက်နှာ ၂၃ မှအဆက်

၁၂။ ကြာကံကျေးရွာအုပ်စု၊
၁၃။ ဆင်သေကျေးရွာအုပ်စု၊
၁၄။ သရက်မြင့်ကျေးရွာအုပ်စု၊
၁၅။ မြောက်ကျွတ်ကျေးရွာအုပ်စု၊
၁၆။ ပေါက်တောကျေးရွာအုပ်စု၊
၁၇။ ပြင်းအိုင်ကျေးရွာအုပ်စု၊
၁၈။ ဘန်းကုန်းကျေးရွာအုပ်စု၊
၁၉။ ပုဏ္ဏားကျေးရွာအုပ်စု၊
၂၀။ ကြိုးကြာကျေးရွာအုပ်စု၊
၂၁။ ဆင်ကော်ကျေးရွာအုပ်စု၊
၂၂။ တွင်းလယ်ကျေးရွာအုပ်စု၊
၂၃။ ပါးပွတ်ကျေးရွာအုပ်စု၊
၂၄။ တုန်ကျေးရွာအုပ်စု၊
၂၅။ ရွာမကျေးရွာအုပ်စု၊
၂၆။ ပေါက်ဦးကားကျေးရွာအုပ်စု၊
၂၇။ ပြရေကျေးရွာအုပ်စု၊
၂၈။ ပေကတင်ကျေးရွာအုပ်စု၊
၂၉။ ဘန်းပြင်ကျေးရွာအုပ်စု၊
၃၀။ တောမြင်သာကျေးရွာအုပ်စု။

**၈။ အောင်လံမြို့နယ်**
၁။ စစ်အောင်ကျေးရွာအုပ်စု၊
၂။ ရေနံကြီးကျေးရွာအုပ်စု၊
၃။ မောက်တင်ကျေးရွာအုပ်စု၊
၄။ တလုပ်ချောင်းကျေးရွာအုပ်စု၊
၅။ မြို့သစ်ကျေးရွာအုပ်စု၊
၆။ ကြက်ရုံးကလေးကျေးရွာအုပ်စု၊
၇။ လက်မြောင်ကျေးရွာအုပ်စု၊
၈။ တဇန်းကျေးရွာအုပ်စု၊
၉။ စီကျေးရွာအုပ်စု၊
၁၀။ သံဘိုကြီးကျေးရွာအုပ်စု၊
၁၁။ ပြကြီးကျေးရွာအုပ်စု၊
၁၂။ တောင်တီးကျေးရွာအုပ်စု၊
၁၃။ ဆင်တုတ်ကျေးရွာအုပ်စု၊
၁၄။ အင်းရွာကြီးကျေးရွာအုပ်စု၊
၁၅။ ညောင်ကိုင်းကျေးရွာအုပ်စု၊
၁၆။ ဒန်းဒေါင့်ကျေးရွာအုပ်စု၊
၁၇။ မောင်းမလှုပ်ကျေးရွာအုပ်စု၊
၁၈။ ပျဉ်ပုံကျေးရွာအုပ်စု၊
၁၉။ ဗိုလ်လုကုန်းကျေးရွာအုပ်စု၊
၂၀။ ဆပ်ဆူဝကျေးရွာအုပ်စု၊
၂၁။ လုံတင်ကျေးရွာအုပ်စု၊
၂၂။ ပိန်းအင်းကျေးရွာအုပ်စု၊
၂၃။ တလုပ်ပင်ကျေးရွာအုပ်စု၊
၂၄။ နှောက်စမ်းကျေးရွာအုပ်စု၊
၂၅။ မလယ်သာကျေးရွာအုပ်စု၊
၂၆။ ကရင်မစန်းကျေးရွာအုပ်စု၊
၂၇။ အုတ်ရှစ်ကုန်းကျေးရွာအုပ်စု၊
၂၈။ သစ်ခေါင်းတီးကျေးရွာအုပ်စု၊
၂၉။ ထမကန်ကျေးရွာအုပ်စု၊
၃၀။ လှဲကားယားကျေးရွာအုပ်စု၊
၃၁။ စမြကျေးရွာအုပ်စု၊
၃၂။ ရွှေပန်းတောလေးကျေးရွာအုပ်စု၊
၃၃။ ဖိမ့်ကျေးရွာအုပ်စု၊
၃၄။ ပြေပ်ကုန်းကျေးရွာအုပ်စု၊
၃၅။ လက်ပခုန်ကျေးရွာအုပ်စု၊
၃၆။ တင်းကုတ်ကျေးရွာအုပ်စု၊
၃၇။ မကြီးဇင်ကျေးရွာအုပ်စု၊
၃၈။ မြို့မိကျေးရွာအုပ်စု၊
၃၉။ နတ်မောက်ကျေးရွာအုပ်စု၊
၄၀။ ဖြန်ဒီကျေးရွာအုပ်စု၊
၄၁။ သဖန်းစမ်းကျေးရွာအုပ်စု၊
၄၂။ စွယ်တုန်းကျေးရွာအုပ်စု၊
၄၃။ သုံးရွာဆိုင်ကျေးရွာအုပ်စု၊
၄၄။ ရဲဒင်ကျေးရွာအုပ်စု၊
၄၅။ အင်းလယ်ကျေးရွာအုပ်စု၊
၄၆။ ချင်းစခမ်းကြီးကျေးရွာအုပ်စု၊
၄၇။ ကိုးတောင်ကျေးရွာအုပ်စု၊
၄၈။ တင်းတောကျေးရွာအုပ်စု၊
၄၉။ ကျောက်အိုးကျေးရွာအုပ်စု၊
၅၀။ ထူးပေါက်ကျေးရွာအုပ်စု၊
၅၁။ ခုတ်ချောင်းကျေးရွာအုပ်စု။

အပိုင်း ( ၂ )

**စဉ် မြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု**

**၁။ ဂန့်ဂေါမြို့နယ်**
၁။ အမှတ်(၁)ရပ်ကွက်(ကျောမြို့)၊
၂။ အမှတ်(၂)ရပ်ကွက်(ကျောမြို့)၊
၃။ အမှတ်(၃)ရပ်ကွက်(ကျောမြို့)၊
၄။ မကျည်းခင်ကျေးရွာအုပ်စု၊
၅။ တောင်ပြင်ကျေးရွာအုပ်စု၊
၆။ ဇီးပြားကျေးရွာအုပ်စု၊
၇။ ဇာဟောကျေးရွာအုပ်စု၊
၈။ လုံဟောကျေးရွာအုပ်စု၊
၉။ ပြစ်မကျေးရွာအုပ်စု၊
၁၀။ လယ်မကျေးရွာအုပ်စု၊
၁၁။ အောင်မြင်ကျေးရွာအုပ်စု၊
၁၂။ ကျော်ရွာကျေးရွာအုပ်စု၊
၁၃။ မြင်းဇာကျေးရွာအုပ်စု၊
၁၄။ ကျွန်းဒတ်ကျေးရွာအုပ်စု၊
၁၅။ ပျားကျေးရွာအုပ်စု၊
၁၆။ ပိုဦးကျေးရွာအုပ်စု၊
၁၇။ ကွမ်းဖဲကျေးရွာအုပ်စု၊
၁၈။ စိုင်ဒူးကျေးရွာအုပ်စု၊
၁၉။ လာပို့ကျေးရွာအုပ်စု၊
၂၀။ ရွာစည်ကျေးရွာအုပ်စု၊
၂၁။ မင်းရွာကျေးရွာအုပ်စု၊
၂၂။ ချောင်းနက်ကျေးရွာအုပ်စု၊
၂၃။ ဖက်ဝန်းကျေးရွာအုပ်စု၊
၂၄။ မောလယ်ကျေးရွာအုပ်စု၊
၂၅။ ပနန်းကျေးရွာအုပ်စု၊
၂၆။ စင်ပုံကျေးရွာအုပ်စု၊
၂၇။ စပယ်ကျေးရွာအုပ်စု၊
၂၈။ ယင်းမာကျေးရွာအုပ်စု၊
၂၉။ စမိတ်ကျေးရွာအုပ်စု၊
၃၀။ ဝက်ချီပါကျေးရွာအုပ်စု၊
၃၁။ ပန်းထိပ်ကျေးရွာအုပ်စု၊
၃၂။ ခေါက်ခူကျေးရွာအုပ်စု၊
၃၃။ ပြင်သာကျေးရွာအုပ်စု၊
၃၄။ တောဖို့ကျေးရွာအုပ်စု၊
၃၅။ အိမ်သစ်ကျေးရွာအုပ်စု၊
၃၆။ ဟံသာဝတီကျေးရွာအုပ်စု၊
၃၇။ လယ်ကြီးကျေးရွာအုပ်စု၊
၃၈။ မြောက်ခင်ရန်းကျေးရွာအုပ်စု၊
၃၉။ ရွှေဘိုကျေးရွာအုပ်စု၊
၄၀။ တောင်ခင်ရန်းကျေးရွာအုပ်စု၊
၄၁။ သာလင်းကျေးရွာအုပ်စု၊
၄၂။ မြင်သားကျေးရွာအုပ်စု၊
၄၃။ ရွာမကျေးရွာအုပ်စု၊
၄၄။ ချောင်းကောက်ကျေးရွာအုပ်စု၊
၄၅။ နှမ်းခါးကျေးရွာအုပ်စု၊
၄၆။ ရေရှင်ကျေးရွာအုပ်စု၊
၄၇။ ရဲလှကျေးရွာအုပ်စု၊
၄၈။ မွေ့လယ်ကျေးရွာအုပ်စု၊
၄၉။ သာစည်ကျေးရွာအုပ်စု၊
၅၀။ မိုးစိုကျေးရွာအုပ်စု၊
၅၁။ ရေရှင်မကျေးရွာအုပ်စု၊
၅၂။ ကန်သာကျေးရွာအုပ်စု၊
၅၃။ ကျွန်းခုံသာကျေးရွာအုပ်စု၊
၅၄။ ကန်ကျေးရွာအုပ်စု၊
၅၅။ ဘော်ပြင်းကျေးရွာအုပ်စု၊
၅၆။ တောင်ယာပြင်ကျေးရွာအုပ်စု၊
၅၇။ ထယ်လှော်ကျေးရွာအုပ်စု၊
၅၈။ လက်ပန်ကျေးရွာအုပ်စု၊
၅၉။ သာကောင်းကျေးရွာအုပ်စု၊
၆၀။ မောက်ကျေးရွာအုပ်စု၊
၆၁။ မောက်လင်းကျေးရွာအုပ်စု၊
၆၂။ စကားကျေးရွာအုပ်စု၊
၆၃။ ကျဲကျေးရွာအုပ်စု၊
၆၄။ ဖုံမွေးကျေးရွာအုပ်စု၊
၆၅။ ဝါးပင်ကျေးရွာအုပ်စု၊
၆၆။ ခေါင်းတင်ကျေးရွာအုပ်စု၊
၆၇။ ခေါင်းတုံကျေးရွာအုပ်စု၊
၆၈။ တဇန်းကျေးရွာအုပ်စု၊
၆၉။ ညောင်လယ်ကျေးရွာအုပ်စု၊
၇၀။ အနောက်ဂန့်ဂေါကျေးရွာအုပ်စု၊
၇၁။ ရှုံးရှိကျေးရွာအုပ်စု၊
၇၂။ ကြက်ရိုးကျေးရွာအုပ်စု။

**၂။ ဆိပ်ဖြူမြို့နယ်**
၁။ ကိုးတောင့်ကျေးရွာအုပ်စု၊
၂။ ကမ္ဘားကြီးကျေးရွာအုပ်စု၊
၃။ ချင်တောင်ကျေးရွာအုပ်စု၊
၄။ မြင်ကဝကျေးရွာအုပ်စု၊
၅။ တဲကြီးကျေးရွာအုပ်စု၊
၆။ ထိန်ကန်ကျေးရွာအုပ်စု၊
၇။ မြေကြမ်းတောကျေးရွာအုပ်စု၊
၈။ ချောင်းမကြီးကျေးရွာအုပ်စု၊
၉။ ဝွေးပင်ကျေးရွာအုပ်စု၊
၁၀။ ပင်းတလဲကျေးရွာအုပ်စု၊
၁၁။ ဒေါ်သာကျေးရွာအုပ်စု၊
၁၂။ ပေတောကျေးရွာအုပ်စု၊
၁၃။ ရွာသစ်ကြီးကျေးရွာအုပ်စု၊
၁၄။ မကြီးကုန်းကျေးရွာအုပ်စု၊
၁၅။ အရှေ့ကံတွင်းကျေးရွာအုပ်စု၊
၁၆။ လက်ဆည်ကျေးရွာအုပ်စု၊
၁၇။ တက်မကျေးရွာအုပ်စု၊
၁၈။ အနောက်ကံတွင်းကျေးရွာအုပ်စု၊
၁၉။ ရေပုတ်ကျေးရွာအုပ်စု၊
၂၀။ ဆိုက်ခန်းကျေးရွာအုပ်စု၊
၂၁။ ရွာမကျေးရွာအုပ်စု၊
၂၂။ ရှားပင်အိုင့်ကျေးရွာအုပ်စု၊
၂၃။ ကျဘေကျေးရွာအုပ်စု၊
၂၄။ ထမ္မကောက်ကျေးရွာအုပ်စု၊
၂၅။ အင်းကန်ကျေးရွာအုပ်စု၊
၂၆။ ကင်မွန်းတောင့်ကျေးရွာအုပ်စု၊
၂၇။ ရွာသာအေးကျေးရွာအုပ်စု၊
၂၈။ အနောက်ကဖြူကျေးရွာအုပ်စု၊
၂၉။ ကူရှည်ကျေးရွာအုပ်စု၊
၃၀။ ကျွန်းတောကျေးရွာအုပ်စု၊
၃၁။ ကုန်းကျေးရွာအုပ်စု၊
၃၂။ ကျောင်းကျေးရွာအုပ်စု၊
၃၃။ သက္ကယ်ကျင်းကျေးရွာအုပ်စု၊
၃၄။ ငှက်ခွေးကျေးရွာအုပ်စု၊
၃၅။ ရှောက်ပင်အင်းကျေးရွာအုပ်စု၊
၃၆။ ကော်တုံကျေးရွာအုပ်စု၊
၃၇။ ကျွန်းချောင်းကျေးရွာအုပ်စု၊
၃၈။ ရှားလှကျေးရွာအုပ်စု။

**၃။ နတ်မောက်မြို့နယ်**
၁။ တက်ဝန်ကျေးရွာအုပ်စု၊
၂။ ထုံးပေါက်ချိုင်းကျေးရွာအုပ်စု၊
၃။ ဝက်ချုပ်ကျေးရွာအုပ်စု၊
၄။ သမှုန်းပင်ကျေးရွာအုပ်စု၊
၅။ မယ်ဇလီပင်ကျေးရွာအုပ်စု၊
၆။ အိုင်ဇောက်ကျေးရွာအုပ်စု၊
၇။ စခန်းမကျေးရွာအုပ်စု၊
၈။ ဝါးရုံကုန်းကျေးရွာအုပ်စု၊
၉။ ချောင်းနက်ကျေးရွာအုပ်စု၊
၁၀။ ရေထွက်ကျေးရွာအုပ်စု၊
၁၁။ တဲကြီးကျေးရွာအုပ်စု၊
၁၂။ လင်းကတိုးကျေးရွာအုပ်စု၊
၁၃။ ညောင်ကျပွင်ကျေးရွာအုပ်စု၊
၁၄။ ရေငံကျေးရွာအုပ်စု၊
၁၅။ ပေပင်ကုန်းကျေးရွာအုပ်စု၊
၁၆။ န-ဝွေးချိုကျေးရွာအုပ်စု၊
၁၇။ ဝွေးပင်ကျေးရွာအုပ်စု၊
၁၈။ န-လက်ခုပ်ပင်ကျေးရွာအုပ်စု၊
၁၉။ ကျောက်ပုံကျေးရွာအုပ်စု၊
၂၀။ ဖန်ခါးစမ်းကျေးရွာအုပ်စု၊
၂၁။ ဆုံမကျီးပင်ကျေးရွာအုပ်စု၊
၂၂။ တောင်ဘက်ကြီးကျေးရွာအုပ်စု၊
၂၃။ အိုင်ပေါက်ကုန်းကျေးရွာအုပ်စု၊
၂၄။ မကျီးချိုကျေးရွာအုပ်စု၊
၂၅။ မိုးနံတောကျေးရွာအုပ်စု၊
၂၆။ အင်းကန်ကျေးရွာအုပ်စု၊
